မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ည၌ထွန်းလင်း၏။ မင်းသည်ချပ်ဝတ်တန်ဆာဆင်သော်တောက်ပ၏။ ဗြာဟ္မဏသည် စျာန်ဝင်စားသော်တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဉ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၄၅)

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၉ ရက်၊ ကြာသပတေးနေ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၂၅)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအားစစ်ဆေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၈

တပ်မတော်ဆေးတက္ကသိုလ်၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အဆိုပါတပ်မတော်ဆေးတက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်စည်သူ ထွန်းအောင်နှင့်ဇနီး၊

စာမျက်နှာ ၁၆ ကော်လံ ၁ ⋆



အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၉ ရက်)

မွန်မြတ်ပေသည် သမားဇာနည်အောင်စစ်သည်

လူသားတိုင်းအတွက် အဓိကအကျဆုံးနှင့်အရေးကြီးဆုံးအရာကိုပြပါဆိုလျှင် ကျန်းမာရေးကောင်းမွန်ခြင်းပင်ဖြစ်သည်။ ကျန်းမာရေးကောင်းမွန်မှသာ တိုင်းပြည်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ကြပေမည်။ တပ်မတော်သားတို့ဘဝတွင် **ကျန်းမာအောင်နေပါ၊ သန်စွမ်းအောင်လေ့ကျင့်ပါ** ကျင့်ဝတ်သည် စစ်သားကောင်းတစ်ယောက်ပီသစွာနေထိုင်ကျင့်ကြံပြီး တပ်မတော်၏ဂုဏ်ကိုမြှင့်တင်ပါဟူသောကျင့်ဝတ်နှင့် ဆက်စပ်လျက်ရှိသည်။ စစ်သားကောင်းတစ်ယောက်သည် ကျန်းမာသန်စွမ်းနေရမည်။ ကျန်းမာသန်စွမ်းမှလည်း နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးသည် အရေးကြီးဆုံးအရာဖြစ်သည်ဟုဆိုလိုခြင်းဖြစ်သည်။

အများပြည်သူတို့ကျန်းမာရေးကောင်းမွန်ရေး၊ တပ်မတော်သားနှင့်မိသားစုများ ကျန်းမာရေးကောင်းမွန်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ဦးဆောင်ပေးနေသည်မှာ သမားဇာနည်အောင်စစ်သည်များဖြစ်သည်။ သမားဇာနည်အောင်စစ်သည်များမှာလည်း တပ်မတော်အတွက် မရှိမဖြစ်သောအစိတ်အပိုင်းတစ်ခုဖြစ်သည်။ (ကြည်း၊ ရေ၊ လေ) တပ်မတော်တစ်ရပ်လုံး နိုင်ငံ့တာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်ရေးမှာ သမားဇာနည်အောင်စစ်သည်များ၏ပံ့ပိုးမှုလိုအပ်သည်။ တပ်မတော်ဆေးတက္ကသိုလ်သည် အဆိုပါသမားဇာနည်အောင်စစ်သည်များကိုမွေးထုတ်ပေးရာ ဘူမိနက်သန်အောင်မြေမှန်ဖြစ်သည်။ ယခုအခါ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅)မှ သင်တန်းသားများမှာ ဆေးတက္ကသိုလ်ပညာရပ်များသင်ယူတတ်မြောက်၍သင်တန်းဆင်းကြမည်ဖြစ်သည်။

သူတို့သည် တပ်မတော်သားဆရာဝန်များဖြစ်သကဲ့သို့ စစ်ဘက်ခေါင်းဆောင်ငယ်များလည်းဖြစ်သည့်အတွက် မိမိကိုယ်ကိုခေါင်းဆောင်မှုအရည်အချင်းနှင့်ပြည့်စုံနေအောင် တည်ဆောက်ကြရမည်ဖြစ်သည်။ မှန်ကန်သည့်ခေါင်းဆောင်မှုပေးပြီး တပ်ဖွဲ့ဝင်များနှင့်အတူ ပေးအပ်လိုက်သည့်ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ရဲစွမ်းသတ္တိနှင့်ပြည့်ဝသည့်ခေါင်းဆောင်ကောင်းများဖြစ်ရန်လိုသကဲ့သို့ ဆရာဝန်များဖြစ်ကြသည့်အလျောက် မြင့်မြတ်သည့်စိတ်ထား၊ ကူညီရိုင်းပင်းသည့်နှလုံးရည်နှင့် ပြည့်ဝရန်လိုအပ်လှပေသည်။ လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့်ခေါင်းဆောင်ကောင်းများဖြစ်ရန်၊ ပညာပြည့်ဝနှလုံးလှစေရန် လေ့ကျင့်တည်ဆောက်နေကြရမည်ဖြစ်သည်။ ထို့ပြင် ဆေးဝန်ထမ်းတပ်ဖွဲ့၏သမိုင်းအစဉ်အလာကောင်းများကိုလည်းဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သမားဇာနည်များမွေးဖွားပေးရာ တပ်မတော်ဆေးတက္ကသိုလ်က သင်ကြားပေးလိုက်သည့် ဆေးသိပ္ပံပညာရပ်နှင့် တိုင်းရင်းသားပြည်သူများ၊ တပ်မတော်သားများ၊ မိသားစုဝင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသိပညာမျှဝေပေးမှု၊ ဆေးကုသမှုလုပ်ငန်းများတွင် အကျိုးရှိစွာအသုံးချဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတိုင်းတွင် တပ်မတော်အင်အားရှိစေရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတွင် မြန်မာတို့၏ပြည်ထောင်စုတပ်မတော်ကို အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်တစ်ရပ်ဖြစ်ထွန်းစေရေးကို ကြိုးပမ်းလျက်ရှိသည်။ စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဟူသော စွမ်းရည်သုံးရပ်ထက်မြက်စေရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်။

တပ်မတော်ဆေးတက္ကသိုလ်ကို **တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သောလက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင်အရာရှိများမွေးထုတ်ပေးရန်** ဟူသည့်ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ တပ်မတော်အရာရှိဆရာဝန်များအနေဖြင့် စစ်သည်တော်တိုင်းလိုက်နာရမည့် ကျင့်ဝတ်ခြောက်ဆယ်ကိုလိုက်နာရသလို ဆရာဝန်များအဓိဋ္ဌာန် ကတိသစ္စာကိုးချက်ကို အခြေခံကျင့်ဝတ်အနေဖြင့် အမြဲတမ်းစောင့်ထိန်းလိုက်နာကြရသည်။ တပ်မတော်အရာရှိဆရာဝန်များအနေဖြင့် စိတ်ဓာတ်နှင့်ခံယူချက်များကောင်းမွန်အောင် လေ့ကျင့်ပေးထားပြီးဖြစ်သည့်အတွက် နိုင်ငံတော်အတွက်လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်သည့်နေရာတိုင်းသို့ ကိုယ်တိုင်ဆန္ဒပြုကာ ထမ်းဆောင်နေသည်မှာ ဂုဏ်ပြုဖွယ်ကောင်းလှသောစိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်တွင် သဘာဝဘေးအန္တရာယ်ကျရောက်လာတိုင်း တပ်မတော်သည် ပြည်သူလူထုကိုကူညီဆောင်ရွက်ပေးရန်အမြဲအသင့်ရှိနေသည်။ အချိန်နှင့်တစ်ပြေးညီလည်း ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးများတွင် ရှေ့ဆုံးမှပါဝင်လျက်ရှိသည်။ ထိုသို့ပြည်သူများကို ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တိုင်းတွင် ဆေးမှူးများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့များသည် ရှေ့တန်းမှတက်တက်ကြွကြွပါဝင်နေကြသည်မှာလည်း နိုင်ငံတော်၏တာဝန်၊ တပ်မတော်၏တာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြခြင်းပင်ဖြစ်သည်။ တပ်မတော်သည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ဥစ္စာတို့ကိုစောင့်ရှောက်လျက်ရှိရာတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းမှာလည်း ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်သည်။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅)မှ သင်တန်းသားများသည် သင်တန်းကာလတစ်လျှောက်လုံး မျှော်မှန်းချက်၊ ရည်မှန်းချက်ရှိရှိ မလျှော့သောခွန်၊ လုံ့လ၊ ဝီရိယတို့ဖြင့် အစဉ်တစိုက်ကြိုးစားအားထုတ်ခဲ့ကြပြီး သင်တန်းပြီးမြောက်ခဲ့ပြီဖြစ်ရာ နိုင်ငံတော်၊ တပ်မတော်နှင့်ပြည်သူများအတွက် မွန်မြတ်ပေသည့်သမားဇာနည်အောင်စစ်သည်များအဖြစ် ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။



လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၈

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်၍ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို လူငယ်ရေးရာအသိပညာပေးဟောပြောခြင်းနှင့် နံရံကပ်စာစောင်ပြပွဲပြသခြင်းတို့ကို ဒီဇင်ဘာလ ၁၇ ရက်တွင် ရေဆင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ဆောင်ရွက်ကြောင်း သိရသည်။

ဟောပြောပွဲတွင် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြစန်းရီက လူငယ်ရေးရာအသိပညာပေးဟောပြောပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး လူငယ်များအနေဖြင့် လွတ်လပ်ရေး၏တန်ဖိုး၊ မိမိစာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုများကိုတန်ဖိုးထားထိန်းသိမ်းရန်၊ စာပေကိုစဉ်ဆက်မပြတ်ဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာဗဟုသုတတိုးပွားလာစေရန်၊ အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်ရန်၊ အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်နှင့် စာအုပ်စာပေများ ဖတ်ရှုလေ့လာရန်လိုအပ်ကြောင်း ဟောပြောသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။

(၄၁၃)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၁၂-၂၀၂၄(ကြာသပတေးနေ့)

၁။	၆:၀၂	နိုင်ငံတော်သီချင်း
၂။	၆:၀၃	တရားတော်
၃။	၇:၂၅	ဓမ္မပူဇာတေး
၄။	၇:၃၀	ကိုယ်လက်လှုပ်ရှားအားကစား
၅။	၇:၅၀	မြန်မာ့ရှုခင်း
၆။	၈:၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၇။	၉:၁၅	ကျန်းမာသုတ
၈။	၉:၂၅	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၉။	၁၀:၅၀	သာယာသီကြေးခေတ်ဆန်းတေး
၁၀။	၁၁:၁၅	ပြည်သူ့ကြားကပြည်သူ့စကား
၁၁။	၁၂:၃၀	နိုင်ငံတကာသတင်း
၁၂။	၁၃:၁၀	အမှတ်တရနေ့ရက်များ
၁၃။	၁၃:၄၀	ခရီးလည်းသွားစကားလည်းဆို
၁၄။	၁၄:၅၀	စာဆိုစစ်သည်ကလောင်ရှင်များ
၁၅။	၁၈:၃၀	ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
၁၆။	၁၉:၂၀	စိုက်ပျိုးသုတ
၁၇။	၁၉:၃၀	(၃၈) ဖြာမင်္ဂလာ
		ကာလေန ဓမ္မသာကစ္စာ
၁၈။		တရားတော်

မြဝတီ ခုနှစဉ်
The Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်းမှူး(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၈၈၊ ၀၃၄-၇၃၀၁၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၅၂ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဗိုလ်ချုပ်ကြီး တင်အောင်စန်းအား ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်ဝန်ကြီးချုပ်ရုံးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဌေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၅၃ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဗိုလ်ချုပ်ကြီး မောင်မောင်အေးအား ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဌေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၅၄ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် စက်မှုဖွံ့ဖြိုးရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဗိုလ်ချုပ်ကြီး မြထွန်းဦး — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ခ) ဒေါက်တာ ချာလီသန်း — ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန

(ဂ) ဦးခင်မောင်ရီ — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဃ) ဦးဉာဏ်ထွန်း — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(င) ဦးကိုကိုလွင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန

(စ) ဒေါက်တာ မျိုးသိန်းကျော် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

(ဆ) ဦးမျိုးသန့် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဇ) ဗိုလ်ချုပ် တိုးရီ — အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန

(ဈ) ဒေါ်သန်းသန်းလင်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ည) ဒေါက်တာ ဝါဝါမောင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး
ဝန်ကြီးဌာန

(ဋ) ဦးမြင့်စိုး — အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး
ဝန်ကြီးဌာန

(ဌ) ဦးဝင်းရှိန် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊အလုပ်သမားဝန်ကြီးဌာန

(ဍ) ဦးမင်းမင်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး
ဝန်ကြီးဌာန

(ဎ) ဗိုလ်ချုပ် ဇော်နိုင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဝန်ကြီးဌာန

(ဏ) ဦးအေးဝင်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ်

(တ) ဦးရင်မောင်ညွန့် — အတွင်းရေးမှူး
ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန

၂။ စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သီးခြားထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

အမိန့်အရ

အောင်လင်းဌေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၅၅ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဗိုလ်ချုပ်ကြီး တင်အောင်စန်း — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး
နိုင်ငံတော်ဝန်ကြီးချုပ်ရုံး

(ခ) ဦးဉာဏ်ထွန်း — ဒုတိယဥက္ကဋ္ဌ(၁)
ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်စွမ်းအား
ဝန်ကြီးဌာန

(ဂ) ဦးကိုကိုလွင် — ဒုတိယဥက္ကဋ္ဌ(၂)
ပြည်ထောင်စုဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန

(ဃ) ဒေါက်တာကံဇော် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား
စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(င) ဦးမင်းနောင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း
ဝန်ကြီးဌာန

စာမျက်နှာ ၄ သို့ ◆

◆ **အမိန့်အမှတ်၊ ၅၅/၂၀၂၄ မှ**

(စ) ဦးလှမိုး အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဆ) ဦးခင်မောင်ရီ အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဇ) ဒေါက်တာချာလီသန်း အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန

(ဈ) ဦးထွန်းအုံ အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ည) ဒေါက်တာမျိုးသိန်းကျော် အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာ
ဝန်ကြီးဌာန

(ဋ) ဗိုလ်ချုပ်ကိုလေး အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန

(ဌ) ဗိုလ်ချုပ်တိုးရီ အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန

(ဍ) ဦးမင်းထွဋ် အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်
ဘဏ္ဍာရေးဝန်ကြီးဌာန

(ဎ) ဗိုလ်ချုပ်ဧော်နိုင်ဦး အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ စစ်အင်ဂျင်နီယာ
ညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဝန်ကြီးဌာန

(ဏ) ဦးလှဝင်းဌေး အဖွဲ့ဝင်
အတွင်းရေးမှူး၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ

(တ) ဦးအေးကျော် အတွင်းရေးမှူး
ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(ထ) ဦးသန့်စင် တွဲဖက်အတွင်းရေးမှူး
ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန

၂။ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သီးခြားထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

အမိန့်အရ

အောင်လင်းဌေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၅၆ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဗိုလ်ချုပ်ကြီးညိုစော ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်

(ခ) ဦးမင်းနောင် ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဂ) ဒေါက်တာကံဇော် အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဃ) ဦးလှမိုး အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(င) ဦးခင်မောင်ရီ အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(စ) ဒေါက်တာချာလီသန်း အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန

(ဆ) ဦးထွန်းအုံ အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဇ) ဗိုလ်ချုပ်တိုးရီ အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန

(ဈ) ဦးမင်းထွဋ် အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ည) ဦးအေးကျော် အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(ဋ) ဦးသန့်စင် အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန

(ဌ) ဦးဝင်းဖေ အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဍ) ဗိုလ်မှူးချုပ်တင်စိုး အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊
ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဝန်ကြီးဌာန

(ဎ) ဦးအေးဝင်း အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ်

(ဏ) ဒေါက်တာအောင်ကြီး အတွင်းရေးမှူး
ဒုတိယဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန

(တ) ဒေါက်တာတင်ထွဋ် တွဲဖက်အတွင်းရေးမှူး
ဒုတိယဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၂။ စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သီးခြားထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

အမိန့်အရ

အောင်လင်းဌေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

---

(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို မြို့တော်စည်ပင်ဝန်ထမ်းမိသားစု ဖူဆယ်ဘောလုံးပြိုင်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၈

(၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို စည်ပင်ဝန်ထမ်းမိသားစု အားကစားပွဲများအဖြစ် ယနေ့တွင် ဖူဆယ်ဘောလုံးပြိုင်ပွဲကို မအူကုန်း စည်ပင်ဝင်း အားကစားခန်းမ၌ကျင်းပသည်။

ပထမပွဲစဉ်အဖြစ် ကံဘဲ့စည်ပင်အိမ်ရာဝင်းအသင်းနှင့် ချမ်းမြေ့စည်ပင်အိမ်ရာဝင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ ကံဘဲ့စည်ပင်အိမ်ရာဝင်းအသင်းက ၃ ဂိုး ၂ ဂိုး ဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန အသင်းနှင့် ရာပြတ်ဌာနအသင်းတို့ ယှဉ်ပြိုင်ကစားရာ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနက ၃ ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး အုပ်စုအသင်းများအလိုက် ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအသင်းများ ယှဉ်ပြိုင်ကစားနေမှုကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ အတွင်းရေးမှူး ဦးညွှန့်ဖေနှင့် ကော်မတီဝင်များ၊ ဌာနမှူးများကကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

ဝန်းရံခ

❍ **ကျောဖုံးမှအဆက်**

အရာရှိကြီးများနှင့်ဧနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် မင်္ဂလာဒုံတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်ဆေးတက္ကသိုလ် ဂုဏ်ပြုစစ်တီးဝိုင်းတပ်ဖွဲ့၏ဂုဏ်ပြုတီးမှုတ်မှုအား ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့်အတူ ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဧနီး ဒေါ်ကြူကြူလှ သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဧနီး ဒေါ်ကြူကြူလှ တပ်မတော်ဆေးတက္ကသိုလ် ဂုဏ်ပြုစစ်တီးဝိုင်းတပ်ဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဧနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များက ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲဂုဏ်ပြုဆောင်းပါး

သမိုင်းကောင်းများနှင့်မှတ်ကျောက်တည် သမားဇာနည် အောင်စစ်သည်

ကျော်တေဇ(ဥက္ကလာ)

လူသားတစ်ဦးချင်း၊ မိသားစုတစ်စု ချင်းစီရဲ့ အနှစ်သာရဟာ အသက်ရှည် ကျန်းမာစွာနေထိုင်လိုခြင်း၊ အေးချမ်း တည်ငြိမ်ခြင်းနဲ့ ရရှိထားတဲ့ အေးချမ်း တည်ငြိမ်မှုတွေ ထာဝရတည်တံ့ရေး လို့ဆိုလျှင်မှားနိုင်မည်မထင်ပါ။ နိုင်ငံတစ် နိုင်ငံရဲ့ အနှစ်သာရကောင်းတစ်ရပ်ဟာ လည်း ထို့အတူပါပဲ။ နိုင်ငံသူနိုင်ငံသား တိုင်း သက်ရှည်ကျန်းမာရေး၊ နိုင်ငံတွင်း အေးချမ်းတည်ငြိမ်ရေး၊ ရရှိထားတဲ့ ငြိမ်းချမ်းရေးအနှစ်သာရကောင်းများ ရေရှည်တည်တံ့ရေးတို့ဟာ အဓိကကျ ပါတယ်။ ဒီလိုမျှော်မှန်းချက်ပန်းတိုင်ကို လျှောက်လှမ်းတဲ့နေရာမှာ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်း ဆောင်နေကြတဲ့ တပ်မတော်သား၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ ဝင်များ၊ ပြည်သူ့စစ်မှုထမ်းများရဲ့ အခန်း ကဏ္ဍဟာ သိပ်ကိုအရေးပါလာတာကို တွေ့ရပြန်ပါတယ်။ ဒီလိုဆိုရင် ဒီတပ်ဖွဲ့ဝင် များရဲ့ ကျန်းမာကြံ့ခိုင်သန်စွမ်းရေးဟာ လည်း များစွာလိုအပ်နေတယ်လို့ဆိုရပါ မယ်။ ဒါကြောင့် တပ်မတော်သားဆရာဝန် မျိုးဆက်သစ်များကို တပ်မတော်အနေနဲ့ နှစ်စဉ်မပြတ် မွေးထုတ်ပေးနေတာပဲ ဖြစ်ပါတယ်။ ဒီကနေ့ဆိုရင် မျိုးဆက်သစ် သမားဇာနည် အောင်စစ်သည်တော်တို့ ဟာ အောင်လံကိုလွှင့်၍ မွေးဖွားလာခဲ့ပြီ ဖြစ်ကြောင်း စာဖတ်သူများသို့ ဦးစွာ အသိပေးလိုက်ရပါတယ်။

ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များဖြစ်တဲ့ ဆေးမှူးဆရာဝန်များဟာ လွတ်လပ်ရေး ကြိုးပမ်းမှုခေတ်မှ ယနေ့ထက်တိုင် နိုင်ငံ့ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ ကြသူများလည်းဖြစ်ပါတယ်။ တပ်မတော် သားများ အစဉ်ထာဝရကြံ့ခိုင်ပြီး တိုက်စွမ်း ရည်မြင့်မားစေဖို့အတွက် အဓိက ထမ်းဆောင်သလို စစ်မြေပြင်အချိုး အကွေ့တွေမှာ စစ်သည်တော်ကောင်း တွေအဖြစ်လည်း အံ့မခန်းမြင်တွေ့ရ ပြန်ပါတယ်။ သမားဇာနည်အောင်စစ်သည် တို့ရဲ့ အဓိကသမိုင်းမှတ်တမ်းများစွာ အနက် တစ်ခုကတော့ လွတ်လပ်ရေး ကြိုးပမ်းမှုကာလအလွန် ပြည်တွင်း သောင်းကျန်းမှုကာလရဲ့ ဒိုက်ဦးဖောင် တော်သီတိုက်ပွဲမှာဆေးကုရင်း စစ်တိုက် ပြီး နိုင်ငံအတွက် မြင့်မြတ်စွာအသက်ပေး ခဲ့တဲ့ ဗိုလ်ကြီးမွန်ထော်သက်ညွှန့်ပါပဲ။ ဒါကို သမားဇာနည် အောင်စစ်သည်တို့ အားလုံးသိနှင့်ကြပြီးလည်းဖြစ်ပါတယ်။ ဒီလိုမှတ်ကျောက်တင်မွန်မြတ်မှုကို သမား ဇာနည်တို့က စံထားပြီးပေးအပ်ရာ တာဝန်အသွယ်သွယ်ကို ထမ်းဆောင် နေကြဆဲဖြစ်ပါတယ်။ ဒါဟာ သမား ဇာနည် အောင်စစ်သည်တို့ရဲ့ ဝိသေသ တစ်ခုပဲဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်လုပ်ငန်း စဉ်ဟာ ပဓာနအကျဆုံးဖြစ်ပါတယ်။ ဒီတာဝန်တွေကို အသက်ခန္ဓာမငဲ့ကွက်ဘဲ ထမ်းဆောင်နေကြတဲ့ တပ်မတော်သား တွေ၊ ရဲတပ်ဖွဲ့ဝင်တွေ၊ ပြည်သူ့စစ်တပ်ဖွဲ့ တွေ၊ ပြည်သူ့စစ်မှုထမ်းတွေဖြစ်တဲ့ အဓိက ကာကွယ်ရေးအင်အားစုတွေရဲ့ ကျန်းမာ ကြံ့ခိုင်သန်စွမ်းရေးမှသည် တိုက်စွမ်း ရည်မြင့်မားသည်အထိ ကြိုးပမ်းဆောင် ရွက်နေကြသူများဟာလည်း ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်တွေပဲဖြစ်ပါတယ်။ ဒီလိုကျန်းမာ ရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်တွေကို ထမ်းဆောင်ရာမှာ ဆေးရုံတွေကတစ်ဆင့် ရှေ့တန်းစစ်မြေပြင်များထိပါ ကျယ်ကျယ် ပြန့်ပြန့်ထိုးဖောက်ဆောင်ရွက်လျက်ရှိ ပါတယ်။ ပင်ကိုဗီဇ၊ ဝါသနာနဲ့ပါရမီကို ဆေးပညာနဲ့ပေါင်းစပ်ပြီး နိုင်ငံနဲ့လူမျိုး အတွက် နှလုံးလှပြီး စွမ်းရည်ပြည့်ဝတဲ့ သမားဇာနည် အောင်စစ်သည်တော်တို့ရဲ့ မျိုးဆက်သစ်တွေမွေးဖွားလာတဲ့ နေ့တစ် နေ့ဟာ ဘယ်လောက်မွန်မြတ်လိုက်ပါ သလဲဆိုတာကို အလျဉ်းသင့်လို့ထည့်သွင်း ရေးသားလိုပါသေးတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါကာလကို ပြန်ကြည့်ရအောင်။ ကမ္ဘာ့နိုင်ငံအနှံ့အပြား မှာ နိုင်ငံတော်ရဲ့ကဏ္ဍအစုံကို များစွာ ကမောက်ကမဖြစ်စေခဲ့တာ အားလုံးအသိပဲ ဖြစ်ပါလိမ့်မယ်။ စာရေးသူတို့ နိုင်ငံအတွင်း မှာတော့ ကိုဗစ်-၁၉ ကပ်ရောဂါအပါအဝင် ၂၀၂၁ ခုနှစ် နိုင်ငံရေးအလှည့်အပြောင်း တစ်ခုနဲ့ပါရင်ဆိုင်ခဲ့ရတယ်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းစဉ်တွေမှာ သမားဇာနည်အောင်စစ်သည်တို့ ရှေ့တန်း ကျကျပါဝင်ခဲ့ကြတယ်။ နိုင်ငံရေးအလှည့် အပြောင်းကြောင့် လမ်းလွဲလိုက်ပြီး ဆေးရုံ အသီးသီးကို စွန့်ခွာသွားကြတဲ့ ကျန်းမာ ရေးဝန်ထမ်းတွေ၊ ဆရာဝန်တွေနေရာမှာ သမားဇာနည် အောင်စစ်သည်ဆိုတဲ့ တပ်မ တော်ဆေးမှူးဆရာဝန်များ၊ သူနာပြုများ နဲ့အစားထိုးပြီး ပြည်သူတစ်ရပ်လုံးရဲ့ ကျန်းမာရေးကို တည့်မတ်ထိန်းသိမ်း တွင်ခဲ့ပြီပဲဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ သဘာဝဘေးအန္တရာယ် ကျရောက်ချိန်တွေကို တစ်ချက်လှစ်၍ ကြည့်ကြပါဦးမည်။ ၂၀၀၈ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၁ ခုနှစ်၊ ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်၊ ၂၀၁၈ ခုနှစ်၊ ၂၀၂၀ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့မှာ ကြုံတွေ့ခဲ့ရတဲ့ သဘာဝ ဘေးအန္တရာယ်တွေရဲ့ နောက်ဆက်တွဲ ပြန်လည်ထူထောင်ရေး ကာလတွေမှာ လည်း ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်တွေဖြစ်တဲ့ ဆေးမှူးဆရာဝန်များဟာ စေတနာ အပြည့်နဲ့ အားတက်သရောပါဝင်ကူညီခဲ့ ကြတယ်။ တာဝန်ဆိုတာထက် ဆရာဝန် ကောင်းစိတ်နဲ့ စေတနာပိုခဲ့တယ်ဆိုတာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကြံ့ခိုင်ဖူး ကြမှာပါ။ တာဝန်တစ်ခုအပေါ် စေတနာ ဇောင်းပေးပြီး ကူညီပေးခဲ့တဲ့ ဆောင်ရွက် ချက်ဟာ လူ့အသက်တွေကယ်ဆယ်ခြင်း အပြင်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အခန်း(၇)၊ ပုဒ်မ ၃၄၁ က ပေးအပ်ထားတဲ့ တာဝန်ကို ကျေပွန်ခဲ့တယ်ဆိုတာကိုလည်း သမားဇာနည် အောင်စစ်သည်များဖြစ်တဲ့ ဆေးမှူးဆရာဝန်များအားလုံးကို သိစေချင် ပါသေးတယ်။ ဒါဟာလည်း သမားဇာနည် အောင်စစ်သည်တို့ရဲ့ ဝိသေသကောင်း မှတ်ကျောက်များဖြစ်နေပြန်ပါတယ်။

တပ်မတော်အနေနဲ့ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွေကို တိုင်းဒေသ ကြီးနှင့် ပြည်နယ်အနှံ့ဆောင်ရွက်ပေး ခဲ့တယ်။ ဒဲ့အပြင် ဝေးလံခေါင်ဖျားဒေသ များဖြစ်တဲ့ ချင်းတောင်တန်းဒေသနေ တိုင်းရင်းသားပြည်သူများအတွက်နယ်လှည့် ကြမ်းတမ်းမှု၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲကြမ်းတမ်းမှုများကြားမှာ သူတို့ရဲ့ မြင့်မြတ်လှပတဲ့ ဆရာဝန်ကောင်းဆိုတဲ့ နှလုံးသားကို ထင်ထင်ရှားရှားပြသနိုင်ခဲ့ ကြတယ်။ ၂၀၂၃ ခုနှစ်မှာလည်း ရွှေဘိုဒေသ၊ မြစ်ဝကျွန်းပေါ်ဒေသနှင့် ရခိုင်ကမ်းရိုးတန်း ဒေသတစ်လျှောက်ရှိပြည်သူများအတွက် ကျန်းမာရေးဝန်ကြီးဌာနနဲ့ တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့တို့ပူးပေါင်းပြီး ကျန်းမာ ရေးစောင့်ရှောက်မှုလုပ်ငန်းတွေ ဆောင် ရွက်ပေးခဲ့တယ်။ ဒီလိုဆောင်ရွက်မှုများ ဟာ တပ်မတော်သည် အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်ဆိုတဲ့စကား လုံးကို ညွှန်းဆိုသက်သေတည်စေခဲ့ တာပဲဖြစ်ပါတယ်။ ဒီအနှစ်သာရတွေကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးမြင်အောင် ကြည့်၍ ခံယူချက်ကောင်းနဲ့နှလုံးသွင်းပြီး မြန်မာနိုင်ငံ၊ မြန်မာလူမျိုးဆိုတဲ့ ဂုဏ်သတ္တိ ကို မြှင့်တင်ပေးရမှာပဲဖြစ်ပါတယ်။

သူတို့ရဲ့ သမိုင်းမှတ်တမ်းကောင်းများ ကား ခေတ်အဆက်ဆက် တသွင်သွင် သစ်လွင်လျက်ရှိတာကြောင့် စာပန်းချီပင် ရေးဖွဲ့မိမည်မထင်ပါ။ တပ်မတော် ဆေးတပ်ဖွဲ့ဝင် ဆေးမှူးဆရာဝန်များရဲ့ စွန့်လွှတ်အနစ်နာခံမှု၊ မိမိတတ်ကျွမ်းသည့် ဆေးသိပ္ပံပညာရပ်များနဲ့ ပေးအပ်ရာ တာဝန်များကို ဦးလည်မသုန်ထမ်းဆောင် နိုင်မှုများဟာ ခေတ်အဆက်ဆက်မှ ယနေ့ ထက်တိုင် မွေးမိုန်ကွယ်ပျောက်ခြင်း မရှိတာကို သမိုင်းစာမျက်နှာများစွာက သက်သေညွှန်းဆိုလျက်ရှိပါတယ်။ ယနေ့ မွေးဖွားလာရာ သမားဇာနည် အောင်စစ် သည် မျိုးဆက်သစ်များအနေနဲ့လည်း နောင်တော်သမားဇာနည် အောင်စစ်သည် များရဲ့ ဂုဏ်ယူဖွယ်ရာ သမိုင်းမှတ်ကျောက် များကို အတုယူကြိုးစားသွားကြရပါမယ်။ ပေးအပ်လာရာ တာဝန်အသွယ်သွယ်ကို ကြိုးစားထမ်းရွက်ရင်း သမိုင်းသစ်အတွက် မော်ကွန်းရေးထိုးနိုင်အောင် ကြိုးစား သွားကြပါလို့ အကြံပြုရင်း တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၅)မှ သမားဇာနည် အောင်စစ် သည်များသို့ ဂုဏ်ပြုစာလွှာပါးလိုက် ရပါတယ်။ ။



❑ တပ်မတော်ဆေးတပ်ဖွဲ့ဝင် ဆေးမှူးဆရာဝန်များရဲ့ စွန့်လွှတ်အနစ်နာခံမှု၊ မိမိတတ်ကျွမ်းသည့် ဆေးသိပ္ပံပညာရပ်များနဲ့ ပေးအပ်ရာတာဝန်များကို ဦးလည်မသုန်ထမ်းဆောင်နိုင်မှုများဟာ ခေတ်အဆက်ဆက်မှ ယနေ့ထက်တိုင် မွေးမိုန်ကွယ်ပျောက်ခြင်းမရှိတာကို သမိုင်းစာမျက်နှာများစွာက သက်သေညွှန်းဆိုလျက်ရှိ၊ ယနေ့မွေးဖွားလာရာ သမားဇာနည်အောင်စစ်သည် မျိုးဆက်သစ်များအနေနဲ့လည်း နောင်တော်သမားဇာနည် အောင်စစ်သည်များရဲ့ ဂုဏ်ယူဖွယ်ရာ သမိုင်းမှတ်ကျောက်များကို အတုယူကြိုးစားသွားကြရပါမယ်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ထွက်ခွာ

နေပြည်တော် ဒီဇင်ဘာ ၁၈

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ်ဆတ်ဒီရမ်ဖုန်၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဒီဇင်ဘာလ ၁၉ ရက်တွင် ကျင်းပမည့် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောညှိနှိုင်းဆွေးနွေးပွဲသို့တက်ရောက်ရန် ယနေ့ နံနက်ပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ထွက်ခွာသွားကြောင်းသိရသည်။ **(သတင်းစဉ်)**

(၁၈-၁၂-၂၀၂၄) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၃၃၀,၀၀၀)ကျပ်ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဒလသင်္ဘောကျင်းကို ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ကြည့်ရှုစစ်ဆေး



ရန်ကုန် ဒီဇင်ဘာ ၁၈

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယမန်နေ့နံနက်ပိုင်းက ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ဒလသင်္ဘောကျင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ဒလသင်္ဘောကျင်းအတွင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားရန်၊ မီးဘေးအန္တရာယ်ကာကွယ်ရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးကိစ္စရပ်များ အထူးအလေးထားလိုက်နာဆောင်ရွက်သွားကြရန်နှင့် လိုအပ်ချက်ရှိသည်များကို တာဝန်ရှိသူများအားမှာကြားသည်။

ဆက်လက်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန ဆောက်လုပ်ရေးအထူးအဖွဲ့(၁)မှတာဝန်ယူတည်ဆောက်လျက်ရှိသည့် ရှစ်ခန်းတွဲသုံးထပ်ဝန်ထမ်းအိမ်ရာ အဆောက်အအုံတည်ဆောက်ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက အဆောက်အအုံအတွင်း ရေအမြန်ဆုံးရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့်ဆက်သွယ်ဆောင်ရွက်ရန်၊ ရေ၊ မီး၊ မိလ္လာစနစ်များ သတ်မှတ်ချက်နှင့်အညီ အမြန်ဆုံးအသုံးပြုနိုင်ရေးနှင့် တည်ဆောက်ပြီးအိမ်ရာများတွင် နေရာချထားပေးမည့် ဝန်ထမ်းများ အနေဖြင့် နေထိုင်ရာ၌ထိန်းသိမ်းမှုအပိုင်းတွင် မိမိပိုင်ပစ္စည်းကဲ့သို့ သဘောထား၍ အသေးအဖွဲပျက်စီးမှုများကအစ ချက်ချင်း အလေးထားပြင်ဆင်နေထိုင်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

လယ်ဝေးမြို့နယ်အတွင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကွင်းဆင်းကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၁၈

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် အေးချမ်းသာကျေးရွာအုပ်စု အေးချမ်းသာကျေးရွာ၌ ကျင်းပသည့် ရေကြီးနစ်မြုပ်မှုကြောင့် ဆုံးရှုံးခဲ့သည့် တိရစ္ဆာန်များအတွက် အစားထိုးပြန်လည်ဖြည့်ဆည်းပေးအပ်သည့်အခမ်းအနားသို့ တက်ရောက်ပြီး တောင်သူများနှင့်တွေ့ဆုံ၍ ယခုပေးအပ်သော တိရစ္ဆာန်များအား စနစ်တကျ အောင်မြင်စွာ မွေးမြူနိုင်ရေး၊ တိရစ္ဆာန်အစာများကို ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ကျွေးမွေးနိုင်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရေးမှာကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျွဲ၊ နွား၊ ဝက်နှင့်ဆိတ်များလွှဲပြောင်းသည့်မှတ်တမ်းလွှာများပေးအပ်ကာ တက်ရောက်လာကြသည့် တောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အေးချမ်းသာကျေးရွာနှင့် အောင်ချမ်းသာ ကျေးရွာချင်းဆက်လမ်းကို စက်ယန္တရားများဖြင့် ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းရေရှည်တည်တံ့ခိုင်မြဲရေး၊ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစေရေးတို့ကို တာဝန်ရှိသူများအားမှာကြားကာ လိုအပ်သည်များပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် ရုံးပင်ကျေးရွာရှိငြိမ်းချမ်းသာ အဆင့်မြင့်ဆန်စက်၊ ဆန်သန့်စင်စက်၊ စပါးအခြောက်ခံစက်နှင့် ဆန်ရောင်းဝယ်ရေးလုပ်ငန်းသို့သွားရောက်၍ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ထုတ်ကုန်များ အရည်အသွေးပြည့်မီစေရေး၊ ပြည်တွင်းသာမက ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ရေးတို့ကို အလေးထားဆောင်ရွက်စေလိုကြောင်းမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာအစီအစဉ် လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၈

အာဆီယံအပေါင်းသုံးအရေးပေါ်ဆန်အရန်ရိက္ခာအစီအစဉ် Asean Plus Three Emergency Rice Reserve(APTERR) လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့ (Program Management Team –PMT)၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဆွေလင်း အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက APTERR အစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်မှု၊ တာဝန်ရှိသူများနှင့် အွန်လိုင်းဖြင့် တက်ရောက်ကြသည့် တိုင်းဒေသကြီးပြည်နယ်ကိုယ်စားလှယ်များက APTERR အစီအစဉ်-၃(၂၀၂၃)ဖြင့် ဆန်ရိက္ခာဖြန့်ဖြူးလှူဒါန်းမှုနှင့် APTERR အစီအစဉ်-၃(၂၀၂၄)ဖြင့် လှူဒါန်းမည့်အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

APTERR အစီအစဉ်ကို အရေးပေါ်သတ်မှတ်ချက်အဆင့်-၁ သတ်မှတ်ဆန်အား စီးပွားရေးနည်းလမ်းဖြင့် ဖြန့်ဝေခြင်း၊ အရေးပေါ် သတ်မှတ်ချက်အဆင့်-၂ သတ်မှတ်ဆန်အား ကာလရှည်ချေးငွေအကူအညီဖြင့် ဖြန့်ဝေခြင်း၊ အရေးပေါ် သတ်မှတ်ချက်အဆင့်-၃ သိုလှောင်ဆန်အား အကူအညီဖြင့် ဖြန့်ဝေခြင်းတို့ဆောင်ရွက်လျက်ရှိသည်။

APTERR Tier-3 အစီအစဉ်-၃(၂၀၂၄)ဖြင့် ကိုရီးယားသမ္မတနိုင်ငံမှ ဆန်တန်ချိန် ၃၀၀၀ နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ငွေသားထောက်ပံ့မှုဖြင့် ဆန်တန်ချိန် ၅၀၀ တို့ကို လက်ခံသိုလှောင်ဖြန့်ဖြူးခွင့်ရရှိမည်ဖြစ်ပြီး အဆိုပါအရန်ဆန်များကို ၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ သဘာဝဘေးအန္တရာယ်များကြုံတွေ့ရပါကဘေးသင့်ပြည်သူများထံ APTERR ၏ အရန်ဆန်ဖြန့်ဖြူးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြန့်ဖြူးလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



ဒီဇင်ဘာလ၏ အနိမ့်ဆုံးအပူချိန်စံချိန်သစ်

စဉ်	စခန်းအမည်	စံချိန်သစ် တင်သည့်ရက်စွဲ	အနိမ့်ဆုံးအပူချိန် စံချိန်သစ်		ယခင်စံချိန် ကျိုးခဲ့သည့် ရက်စွဲ	အနိမ့်ဆုံးအပူချိန် စံချိန်ဟောင်း		စခန်းဖွင့် သည့်နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း
			ဒီဂရီ ဆဲလ်စီးယက်	ဒီဂရီ ဖာရင်ဟိုက်		ဒီဂရီ ဆဲလ်စီးယက်	ဒီဂရီ ဖာရင်ဟိုက်	
၁။	မြစ်ကြီးနား	၁၈-၁၂-၂၀၂၄	၄.၆	၄၀.၃	၃၀-၁၂-၁၉၉၉	၆.၅	၄၃.၇	၅၈

မြစ်ကိုအလျှားစုန်ကူးခဲ့သည့်

ကျန်းစဉ်မြေစောခက်

ယမန်နေ့မှအဆက်

ဆေးရုံမှဆင်းပြီးနေကောင်းသွားချိန်တွင် (၁၈) ကွေ့မှတ်တိုင်သို့ ကျွန်တော်အရောက်လာခဲ့သည်။ ဤအချိန်တွင် ကျွန်တော် လဲကျနေခဲ့သောကွမ်းယာဆိုင်မှာ ပြန်လည်ဖွင့်လှစ်ပြီး ကွမ်းယာရောင်းနေပေပြီ။ ကွမ်းယာရောင်းသမားကိုပဲ မိမိဖြစ်ပျက်ခဲ့သည့်နေ့က ကောင်လေးနှစ်ယောက်၏အမည်နှင့် နေရပ်လိပ်စာကိုမေးလိုက်သည်။ ကျွန်တော် ဤသို့ဖြစ်ပြီးနောက်တွင် (၁၈)ကွေ့မှတ်တိုင်အနီးတစ်ဝိုက်၌ ကျွန်တော့် အကြောင်း တစ်ယောက်စကား၊ တစ်ယောက်နားရောက်သွားပုံရသည်။ ကွမ်းယာဆိုင်ရှင်က ချက်ချင်းလမ်းညွှန်လိုက်သည်။ ကားမှတ်တိုင်မှာ ကျွန်တော် လဲကျနေတုန်းပြုစုကြစဉ် ကောင်လေးနှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် နာမည်ခေါ်ပြောကြသံကြား၍ သူတို့နာမည်ကို ကျွန်တော်သိနေခြင်းဖြစ်သည်။

ကျွန်တော်သည် ရပ်ကွက်နောက်ကျောထိရောက်သွား၏။ ထုံးစံအတိုင်းပါပဲ ရပ်ကွက်၏ အတွင်းပိုင်းနေရာများတွင် အိမ်သေးသေးနုပ်နုပ်များ ပုံမကျပန်းမကျဆောက်လုပ်ထားတတ်ကြသည်။ လက်ဆင့်ကမ်းလမ်းညွှန်မှုအရ သူတို့ပြောသည့်အိမ်နံပါတ်သို့ ကျွန်တော်ရောက်လာခဲ့၏။ အသက် ၅၀ ဝန်းကျင် အမျိုးသမီးတစ်ဦးထိုင်နေသည်။ အကျိုးအကြောင်းကို ကျွန်တော်ပြောပြပြီး သားရှိရာကိုမေးလိုက်၏။

"ညြော် ... ဟုတ်ကဲ့ ဟုတ်ကဲ့ ကျွန်မနှိုးလိုက်ပါ့မယ်"

"အိပ်ရာမထသေးတာလား"

"ဟုတ်ကဲ့ရှင့်၊ သားက ညတိုင်ရင် အိမ်တွေကိုရေထည့်ပေးတာလေ၊ နံနက်မိုးလင်းခါနီးမှအိပ်ရတာ"

"ညြော်"

"တစ်ဝမ်းတစ်ခါးအတွက် အိပ်ပျက်ညတွေနဲ့ အမှေကိုလုပ်ကျွေးနေတဲ့ ကလေးပါလား"

ကျွန်တော့်ရင်ထဲတွင် နင့်ခနဲခံစားသွားရသည်။

ကောင်လေးအိပ်မှုန်စုံမွှားထလာ၏။ သူ၏ ပုံပန်းက အိပ်ရေးဝသေးပုံမပေါ်။ ကျွန်တော်က ကောင်လေးကိုမသိတာ။ ကောင်လေးက ကျွန်တော့်ကိုသိသည်။ သူပြုံးပြ၏။ အကျိုးအကြောင်းပြောပြပြီး လမ်းထိပ်က သန်းကြွယ်လက်ဖက်ရည်ဆိုင်သို့ သူ့ကိုခေါ်လာ၏။

"သားနဲ့အတူကူညီခဲ့တဲ့ နောက်ကလေးတစ်ယောက်ရော ဘယ်မှာလဲ၊ သူ့ကိုပါတွေ့ချင်တယ်ကွယ်"

"ဟုတ်ကဲ့ ကျွန်တော် သွားခေါ်လိုက်ပါ့မယ်"

ရေဝေသည့်ကောင်လေးမှာ ရပ်ကွက်နောက်ကျောဘက်သို့ ဝင်သွားသည်။ နာရီဝက်ခန့်ကြာသည်။ ကောင်လေးနှစ်ယောက် အတူပြန်ရောက်လာကြ၏။ နောက် ရောက်လာသည့်ကောင်လေးမှာ အဝေးပြေးကုန်ကားတွေမှာ ယာဉ်နောက်လိုက်အဖြစ် အခါအားလျော်စွာလိုက်ရသည်ဟုပြော၏။

"ညြော် ယာဉ်နောက်လိုက်အလုပ်တောင် ပုံမှန်မဟုတ်တဲ့ဘဝပါလား" ကျွန်တော့်ရင်ထဲထိသွားရပြန်သည်။

ကျွန်တော့်မှာ အသက်သခင်ကျေးဇူးရှင်နှစ်ဦးကို ရှေ့မှာထားပြီး ရှိမခိုးရုံတစ်မယ် ကျေးဇူးတင်စကားကို လှိုက်လှိုက်လဲလဲပြော၏။ ကျွန်တော်၏ခွန်းခွေစကားများမှာ အသည်းနှလုံးမှပြောနေသော စကားများပင်ဖြစ်ပေသည်။

ဒီကလေးနှစ်ယောက်မှာ ပစ္စက္ခတွင် ဘဝကြမ်း၌ရုန်းကန်ပြီး အသက်ရှင်နေကြသည်။ မိမိအခြေအနေအရဖြစ်လာရသည့်ဘဝမှာ ကျရာအလုပ်ကို သမ္မာအာဇီဝကောင်းသောအသက်မွေးခြင်းဖြင့် ရပ်တည်သည်။ သူတို့အတွက် သာဓုအကြိမ်ကြိမ်ခေါ်မိပါသည်။

ကျွန်တော်သည် ကျေးဇူးရှင်နှစ်ဦးအား ဦးဂျမ်းပုဆိုးတစ်ယောက်တစ်ထည်စီပေးခြင်းဖြင့် ဂုဏ်ပြုလိုက်၏။ ဤကလေးနှစ်ယောက်၏ စိတ်ဓာတ်နှင့်လုပ်ရပ်မှာ ဦးဂျမ်းပုဆိုးတစ်ထည်ထက် အဆရာထောင်တန်ပါသည်။ သို့သော် မိမိအနေဖြင့် ဤမျှလောက်သာ ဂုဏ်ပြုနိုင်သည်ကို ရင်ထဲမကောင်းရှာ။

"သားတို့နှစ်ယောက် ကြံတိုင်းအောင်လို့ ဆောင်တိုင်းမြောက်သော ယောကျ်ားကောင်း၊ ယောကျ်ားမြတ်တွေဖြစ်နိုင်ကြပါစေ"

ကျွန်တော်ပြောချင်သည်မှာလူမှန်လျှင် စိတ်ကောင်းရှိဖို့လိုသည်ဆိုတာပါပဲ။ လူလူချင်းမေတ္တာစိတ်ထားနိုင်ကြပါစေ။

■ ■ ■ ■ ■ ■ ■

နှုတ်ဆက်ခဲ့ရပြီကျောင်းတော်ကြီးရယ်

၂၀၀၃ ခုနှစ်တွင် ကျွန်တော်သည် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အ.မ.က (၂၃) သို့ အလုပ်တာဝန်ဖြင့်ရောက်ရှိခဲ့သည်။ ကျွန်တော် ဤကျောင်းသို့ရောက်လာချိန်တွင် ထက်၊ လယ်၊ မူ ၄၃ - ကျောင်းအနက် အမှတ်(၂၃)အခြေခံပညာမူလတန်းကျောင်းမှာ ကျောင်းဖွဲ့ဖြိုးတိုးတက်မှုအညွှန်းကိန်းအရ အောက်ဆုံးအဆင့် အမှတ်စဉ်(၄၃)တွင် ရောက်နေခဲ့သည်။ ဤအခြေအနေမျိုးကြောင့် ကျွန်တော်လုံးဝစိတ်ပျက်အားငယ်သွားခြင်းမျိုးမရှိပေ။ ဆိုးနေသည်ကို ကောင်းအောင်ပြုပြင်မည်။ လျော့နေသည်ကိုပြည့်အောင်ဖြည့်မည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။ မိမိကျောင်းကိုကောင်းအောင်ကြိုးစားမည်ဆိုသောစိတ်သည် ကျွန်တော့်ရင်၌ အစဉ်လွှမ်းမိုးလျက်ရှိပေ၏။ အလုပ်လုပ်ချင်သောသူအတွက် လုပ်ကွက်တစ်ကွက်ရသွားပြီဟု ကျွန်တော်သဘောထားလိုက်မိပါသည်။

ကျွန်တော်သည် ကျောင်းတက်ရက်များဆိုလျှင် နံနက် ၅ နာရီကပင် လိုင်းကားနှစ်ဆင့်စီးပြီး ဒဂုံ(တောင်) မြို့အစွန် (၁၀၇) ရပ်ကွက်ရှိ ကျောင်းသို့ပြေးပြေးလွှားလွှားသွားသည်။ နံနက်အစောကြီးလိုင်းကားထွက်ချိန်မဟုတ်သေးသဖြင့် စွေးကားများနှင့်လိုက်သည်။ ကျောင်းမှာ နှစ်သုတ်တက်ကျောင်းဖြစ်၍ ပထမသုတ်အတွက် နံနက် ၇ နာရီဆိုလျှင် ဆရာမများစာသင်ခန်းဝင်ကြရပေသည်။ နေ့စဉ် ကျောင်းတက်ကျောင်းဆင်းလက်မှတ်ထိုးစာအုပ် (Attendance) က ဆရာကြီးရုံးခန်းထဲတွင် ဆိုတော့ ဆရာကြီးကကျောင်းသို့စောရောက်ရန်လိုပြီဖြစ်သည်။ ဆရာကြီးက စည်းကမ်းတကျလုပ်မှသာလျှင် ဆရာ၊ ဆရာမများလည်း စည်းကမ်းလိုက်နာတတ်သောဆရာ၊ ဆရာမများဖြစ်လာကြပေမည်ဟု ကျွန်တော် ခံယူထားပေသည်။ ကျွန်တော့်မှာ ပညာရေးဌာန၌ စတင်တာဝန်ထမ်းဆောင်ချိန်မှစပြီး ကျွန်တော်နှင့်ကျောင်းမှာ ဒဂံုးတစ်ပြား၏ ခေါင်းနှင့်ပန်းလို ခွဲခြားမရ ရေအသွင်ပျော်ဝင်စီးသစ်ကြ၏။

နံနက် ၅ နာရီတွင် အိမ်ကထွက်လာပြီး ညနေ ၅ နာရီအထိကျောင်းမှာ အလုပ်လုပ်သည်။ ရုံးလုပ်ငန်းနှင့် စီမံခန့်ခွဲရေးကို ဦးစားပေးလုပ်သည်။ ညနေပိုင်းအားလပ်ချိန်များဆိုလျှင် ကျောင်းဝတ်စုံနှင့် အလုပ်ကြမ်းလုပ်သည့်အဝတ်ကိုလဲပြီး ကျောင်းခြံဝင်းထဲဆင်းသည်။ မြေပေါင်ဖို့သည်၊ အပင်စိုက်သည်၊ ပေါင်းသင်သည်၊ ရေလောင်းသည်။ပန်းအလှပင်တွေကို ကျောင်းရှေ့အဝင်လမ်းတစ်လျှောက် ဘေးဘယ်ညာတွင် စိုက်သည်။ စားပင်သီးပင်ကို ကျောင်းနောက်ဘက်တွင်စိုက်သည်။ ကျွန်တော်၏ ပြုစုကောင်းမှုကြောင့် ပန်းတွေလည်း လှပဝေဆာပွင့်ပန်းဖြာလာကြသည်။ ကျောင်းနောက်ဘက်စိုက်ခင်းကြီးမှာ သရက်၊ ငှက်ပျော၊ မာလကာ၊ သဘော်တို့ကလည်း အပြွတ်ပြွတ်အခိုင်ခိုင် သီးလိုက်ကြတာ။ ကျောင်းဥယျာဉ်ကြီးရိပ်ထီးချမ်းမြေ လှမြဲလှတော့ ဥယျာဉ်မှူးကြီးအဖို့ ပီတိရင်ဝယ်ပြည့်ရပါ၏။

၂၀၀၈ ခုနှစ်တွင် နာဂစ်မုန်တိုင်းကဆုန်စိုင်းသည့် ဒဏ်ရာဒဏ်ချက်ကြောင့် ဒဂုံ(တောင်) အ.မ.က (၂၃)သည်လည်း ထိပ်ပေါက်ရင်ကွဲသဲသဲလှုပ်ကာ ပြားပြားဝပ်ခဲ့ရပြီ။ အရေးထဲ မြို့ပြကွက်သစ်ဆင်ခြေဖုံးသားတွေမှာ ညအချိန်များရောက်လာပြီဆိုလျှင် သွပ်ပြားဆွဲသူဆွဲ၊ ထုပ်တန်းဖြုတ်သူဖြုတ်နှင့် သူတို့အိမ်ပြုအိမ်ပျက်တွေအတွက် ပြုပြင်ရန် ပစ္စည်းရှာကြသည်။ အဆုံးတွင် ကျောင်းအုပ်ဆရာကြီး ကျွန်တော် တာလပတ်နှင့်အဖီချလို့ လက်နှိပ်ဓာတ်မီးလေးတစ်လက်ကို အနားမှာထားပြီး ကျောင်းပျက်စောင့်တာဝန်ကိုလည်း ယူခဲ့ရသည်လည်းရှိခဲ့ပါရဲ့။

ဆက်လက်ဖော်ပြပါမည်။

(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သက်တမ်းအလိုက် မိုက်ခရိုမာရသွန်အပြေးပြိုင်ပွဲ ရန်ကုန်မြို့၌ ကျင်းပရန်စီစဉ်

ရန်ကုန် ဒီဇင်ဘာ ၁၈

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်မည့် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သက်တမ်းအလိုက် မိုက်ခရိုမာရသွန်အပြေးပြိုင်ပွဲကို ဒီဇင်ဘာလ ၂၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ ကျင်းပရန်စီစဉ်ထားကြောင်းသိရသည်။

အဆိုပါ မိုက်ခရိုမာရသွန်အပြေးပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးအသက်အပိုင်းအခြားအလိုက် အုပ်စုခွဲထားပြီး အသက် ၈ နှစ်မှ ၁၂ နှစ် အထိပြိုင်ပွဲ၊ အသက် ၁၃ နှစ်မှ ၁၈ နှစ် အထိပြိုင်ပွဲနှင့် အသက် ၁၈ နှစ် အထက်ပြိုင်ပွဲများ ထည့်သွင်းကျင်းပရန် သတ်မှတ်ထားသည်။

အဆိုပါပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုကြေးအဖြစ် ပထမဆု ငွေကျပ်သုံးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်း၊ တတိယဆု ငွေကျပ်တစ်သိန်း၊ စတုတ္ထဆု ငွေကျပ်ခုနစ်သောင်း၊ ပဉ္စမဆု ငွေကျပ်ငါးသောင်းနှင့် နှစ်သိမ့်ဆု ငွေကျပ်နှစ်သောင်း ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ရွေးချယ်ခြင်းခံထားရသည့် လက်ရွေးစင် အားကစားသမားများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ရွေးစင် အားကစားသမားများအား ယခုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

မိုက်ခရိုမာရသွန်အပြေးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် ဗိုလ်တထောင်ခရိုင်အတွင်းရှိ ဗိုလ်တထောင်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေါပုံမြို့နယ်၊ သာကေတမြို့နယ်တို့မှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးများနှင့် ဗိုလ်တထောင်ခရိုင်ပညာရေးမှူးရုံးတို့၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းအပြေးပြိုင်ပွဲသည် ဗိုလ်တထောင်ခရိုင်နှင့် ဝန်းကျင်ခရိုင်များအတွင်းရှိ ပြည်သူများ ကျန်းမာပျော်ရွှင်စွာ အားကစားလှုပ်ရှားမှုများတွင် ပါဝင်လှုပ်ရှားလာစေရန်၊ အားကစားစိတ်ဓာတ်နိုးကြားလာစေရန်နှင့် စည်းလုံးညီညွတ်မှုဖြင့် လွတ်လပ်ရေးပွဲကို ပါဝင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

၂၀၂၄ ခုနှစ်၊ ပဥ္စမအကြိမ်အမျိုးသားအားကစားပွဲတော်
ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲ
ရွှေ၊ ငွေ၊ ကြေး ဆုရရှိမှု (၆-၁၂-၂၀၂၄ မှ ၁၈-၁၂-၂၀၂၄)ရက်နေ့ထိ

စဉ်	ပြည်နယ်/တိုင်း	ရွှေ	ငွေ	ကြေး	ပေါင်း	မှတ်ချက်
၁	ရန်ကုန်	၆၇	၄၁	၃၅	၁၄၃	
၂	ရှမ်း	၂၇	၂၉	၄၀	၉၆	
၃	မန္တလေး	၂၃	၂၆	၃၅	၈၄	
၄	စစ်ကိုင်း	၂၁	၁၇	၂၂	၆၀	
၅	ကချင်	၁၆	၁၁	၂၀	၄၇	
၆	တနင်္သာရီ	၁၅	၆	၁၁	၃၂	
၇	ဧရာဝတီ	၁၄	၂၄	၂၈	၆၆	
၈	မကွေး	၁၃	၁၃	၁၉	၄၅	
၉	ကရင်	၇	၉	၂၈	၄၄	
၁၀	ပဲခူး	၆	၂၀	၂၆	၅၂	
၁၁	ရခိုင်	၅	၁၁	၁၄	၃၀	
၁၂	မွန်	၅	၉	၉	၂၃	
၁၃	နေပြည်တော်	၅	၅	၁၁	၂၁	
၁၄	ချင်း	၂		၇	၉	
၁၅	ကယား	၁	၆	၅	၁၂	
	စုစုပေါင်း	၂၂၇	၂၂၇	၃၁၀	၇၆၄	

၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ပို့စကတ်ထုတ်ဝေ









ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်သော (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ပို့စကတ် (၄)မျိုးအား စီစဉ်ထုတ်ဝေလိုက်ပါသည်။

အဆိုပါ ပို့စကတ်(၄) မျိုးအား "မာရဝိဇယတန်ဆောင်တိုင်မီးပုံးပျံလွှတ်တင်ပွဲ၊ ကျောက်ဆည်မြို့ ရိုးရာဆင်အကပြိုင်ပွဲ၊ ထမနဲထိုးပြိုင်ပွဲ၊ မလိုင်မြို့ရှိ ထီးလုပ်ငန်း" ဓာတ်ပုံများဖြင့် ထုတ်ဝေခဲ့ပြီး ပို့စကတ်တစ်ခုလျှင် ၅၅၀ ကျပ်နှုန်းဖြင့် အမြို့မြို့အနယ်နယ်ရှိပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

နတ်မောက်မြို့၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ဉာဏစွမ်းရည်ပြိုင်ပွဲကျင်းပ



နတ်မောက် ဒီဇင်ဘာ ၁၈

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပညာရေးဌာနတို့ ပူးပေါင်း၍ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူများ ဉာဏစွမ်းရည်ပြိုင်ပွဲကို လူထုအခြေပြုဗဟိုဌာနဘက်စုံသုံးခန်းမ၌ ဒီဇင်ဘာလ ၁၇ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ကျောင်းသား၊ ကျောင်းသူကလေးငယ်များ ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ စိတ်လက်ပျော်ရွှင်စေရန်၊ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေရန်နှင့် ပူးပေါင်းပါဝင်တတ်သည့် စိတ်ဓာတ်ရှိစေရန် ရည်ရွယ်၍ ပြိုင်ပွဲများကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူများက ပူဖောင်းနင်း၊ ထိုင်ခုံလု၊ ရေဘူးထည့်၊ ဂေါလီလုံးကောက်စသည့်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြောင်း သိရသည်။ လှဝင်း

ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

ပွင့်ဖြူ ဒီဇင်ဘာ ၁၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်စေရန် ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆည်မုန်းကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာလ ၁၇ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ကျော်နှင့်အဖွဲ့ဝင်များက ဆည်မုန်းကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းကျောက်ရောမြေ ၃ဝကိယအလွှာခင်းခြင်းပြီးစီးမှုအား DCP တိုင်းတာခြင်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်သွားရန်မှာကြားသည်။

ပွင့်ဖြူမြို့နယ် ဆည်မုန်းကျေးရွာ၌ အရှည် ၁ မိုင် ၂ ဒသမ ၃ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၂ပေ ၉ လက်မရှိ ကျောက်ရောမြေခင်း၌ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း၊ Pipe Culvert ၂ဝ ပေ တစ်စင်း၊ အရှည် ၁၈ ပေ၊ အကျယ် ၆ ပေ၊ အမြင့် ၆ ပေရှိ Slab Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၂၂ ဒသမ ၄၇၅ သန်းဖြင့် ယခုနှစ်ဇွန်လ ၁၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းဆောင်ရွက်မှုမှာ ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ဇင်မာ



တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲဂုဏ်ပြုကဗျာ

သားကောင်းပြည့်မွန်ဆရာဝန်

* တပ်မတော်ဆေးတက္ကသိုလ်
မြင်းမိုရ်သို့အလား။
ဆေးပညာရှင် သင်ကာပေး
မွေးပျို့စေသား။

* တိုင်းပြည်အတွက် တပ်မတော်
အနာဂတ်မြော် လမ်းပြပေး။
ဆရာဝန်အရာရှိများ
အားရဖွယ်လေး။

* မေတ္တာနှင့် စေတနာ
ဝါသနာ အရင်းခံလို့။
မိဘပြည်သူ အများကောင်းကျိုး
သယ်ပိုးကြစို့။

* ကျန်းမာလို့ အသက်ရှည်
နေနိုင်စေ လူသားများ။
ဆေးပညာ ဘာသာရပ်
တတ်မြောက်လို့ထား။

* သဘာဝဘေးအန္တရာယ်
ကျရောက်လွယ် ဖြစ်ခဲ့ငြား။
ရောဂါဘေးရန် ကာကွယ်ပေး
ကင်းဝေးစေသား။

* စစ်ပညာနှင့်ဆေးပညာ
ပေါင်းစည်းကာ သင်ယူလို့။
ကိုယ်စီစွမ်းရည် ပိုမိုများအောင်
လေ့လာပွားစို့။

* တပ်မတော် ဆေးဗိုလ်လောင်းတို့
ကျောင်းဆင်းကြောင်း မင်္ဂလာ
ထူးမြတ်ပေတာ။
ကြိုဆိုလို့ ဂုဏ်ပြုကာ
ပြည့်ဝန်တာ ကျေပွန်ရေး။
တပ်မတော်ဂုဏ်ရည် ပိုမိုတိုးအောင်
ကြိုးစားစို့လေး။ ။

ဘုန်းမောင်ဝင်း(ဗျာပုံ)

သဇင်(FM)အသံလွှင့်အစီအစဉ် ၁၉-၁၂-၂၀၂၄(ကြာသပတေးနေ့)

၁။	ဝ၆:၃ဝ	ခံစားနားဆင် မြန်မာသံစဉ်	၄။	၁ဂ:ဂဝ	အနုပညာခရီးလမ်း Thazin Request Song
၂။	၁ဝ:ဂဝ	Internet Pages			
၃။	၁၄:၃ဝ	Live For You	၆။	၂၁:၂ဝ	လွမ်းသဝဏ်လွှာ

နိုင်ငံတော်နှင့် တပ်မတော်အတွက် အားသစ်လောင်းမည့် သမားဇာနည်အောင်စစ်သည်တို့၏စကားသံများ

တပ်မတော်(ကြည်း၊ ရေ၊ လေ) အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင် အရာရှိကောင်းများ မွေးထုတ်ပေးရန်ဆိုသည့် တပ်မတော်ဆေးတက္ကသိုလ်၏ ရည်ရွယ်ချက်နှင့်အညီ တပ်မတော်သား ဆေးဘက်ဆိုင်ရာအရာရှိများကို စဉ်ဆက်မပြတ်မွေးထုတ်ပေးလျက်ရှိရာ ယခုဆိုလျှင် အမှတ်စဉ်(၂၅) တိုင်ခဲ့ပြီဖြစ်သည်။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ဒီဇင်ဘာလ ၁၈ ရက်တွင်ကျင်းပရာ အဆိုပါသင်တန်းဆင်းပွဲ၌ သင်တန်းနည်းပြအရာရှိနှင့် သင်တန်းဆင်း သမားဇာနည်အောင်စစ်သည်တို့၏ စကားသံများကိုဖော်ပြလိုက်ပါသည်။



ဒုတိယဗိုလ်မှူးကြီး ဝေမင်းဦး
(ဗိုလ်လောင်းတပ်ရင်းမှူး)

ဒုတိယဗိုလ်မှူးကြီး ဝေမင်းဦး
(ဗိုလ်လောင်းတပ်ရင်းမှူး)

ဗိုလ်လောင်းတွေရဲ့ စားဝတ်နေရေးအတွက် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးက ချမှတ်ပေးထားတဲ့ Menu အတိုင်း သတ်မှတ်ရက်အလိုက် ပြည့်ပြည့်ဝဝကျွေးမွေးပြီး ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ အမျိုးသား၊ အမျိုးသမီး ဗိုလ်လောင်းအဆောင်တွေမှာ ရှိတဲ့ ဆေးခန်းတာဝန်ကျဆရာဝန်တွေနဲ့ နေ့စဉ် ကျန်းမာရေးစောင့်ရှောက်မှုပေးနေပါတယ်။ ဆေးရုံပြသဖို့လိုအပ်မှုတွေရှိရင် တပ်မတော်ဆေးရုံကြီး ခုတင်-၁၀၀၀၊ တပ်မတော်အရိုးဆေးရုံ ခုတင်-၅၀၀ တို့ကို လေ့ကျင့်ရေးဌာနက နည်းပြတွေ လိုက်ပါပို့ဆောင်ပြသပေးပါတယ်။

ကျန်းမာကြံ့ခိုင်မှုရှိစေဖို့ နေ့စဉ်ကြံ့ခိုင်ရေးအချိန်တွေမှာ အပြေးတက်တာ၊ လက်ထောက်မှောက်၊ ဗိုက်သား၊ ထိုင်ထ၊ ခိုဆွဲတာ စတဲ့ဆန်းစစ်လေ့ကျင့်ခန်းတွေကို ဆောင်ရွက်စေပြီး သောကြာနေ့ ညနေတိုင်း သက်လုံအပြေးတက်တာ၊ လစဉ် ၃ မိုင်၊ ၅ မိုင် ဆန်းစစ်လေ့ကျင့်တာ၊ တစ်နှစ်ကိုနှစ်ကြိမ် ဖေဖော်ဝါရီလနဲ့ သြဂုတ်လတွေမှာ ဆေးပညာတတိယနှစ်၊ စတုတ္ထနှစ်နဲ့ပဉ္စမနှစ်က ဗိုလ်လောင်းတွေကို မိုင် ၃၀ လေ့ကျင့်တာတွေ ဆောင်ရွက်ပေးပါတယ်။ အားကစားဆောင်ရွက်မှုတွေအနေနဲ့ အပတ်စဉ်အင်္ဂါနေ့နဲ့ ကြာသပတေးနေ့တွေမှာ ကြိုက်နှစ်သက်ရာ အားကစားဆောင်ရွက်စေပါတယ်။ ဗိုလ်လောင်းတွေ ကိုယ်ခံပညာတတ်ကျွမ်းစေဖို့ ဆေးပညာအခြေခံနှစ်ကနေ ပဉ္စမနှစ်အထိ ညနေဘက်ကြံ့ခိုင်ရေးအချိန်တွေမှာ မြန်မာ့သိုင်းသင်ခန်းစာကို သင်ကြားလေ့ကျင့်ပေးပါတယ်။

ဗိုလ်လောင်းတွေက မိဘဆွေမျိုးတွေနဲ့ဝေးကွာနေရတဲ့အချိန် လေ့ကျင့်ရေးဌာနမှာရှိတဲ့ နည်းပြတွေက ဗိုလ်လောင်းတွေကို အမြဲမပြတ်ကြည့်ရှုနေပြီး အခက်အခဲတွေရှိရင် အဆင့်ဆင့်ဖြေရှင်းဆောင်ရွက်ပေးတာ၊ လစဉ် အားကစားပြက္ခဒိန်ရေးဆွဲပြီး တပ်ခွဲအလိုက် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ လက်ဖြေပြိုင်ပွဲတွေ ကျင်းပပေးတာ၊ သင်္ကြန်၊ သီတင်းကျွတ်နဲ့ တန်ဆောင်တိုင် စတဲ့အခါကြီးရက်ကြီးတွေမှာ ရာသီအလိုက် ပျော်ပွဲရွှင်ပွဲတွေကျင်းပပေးပြီး အကြောင်းအမျိုးမျိုးကြောင့် မိဘဆွေမျိုးတွေနဲ့ အဆက်အသွယ်မရရင် သက်ဆိုင်ရာနယ်မြေခံတပ်၊ အုပ်ချုပ်ရေးအဖွဲ့တွေနဲ့ချိတ်ဆက်ပြီး အဆက်အသွယ်ရရှိအောင် ဆောင်ရွက်ပေးပါတယ်။

အမျိုးသမီးဗိုလ်လောင်းတွေကို အမျိုးသားဗိုလ်လောင်းတွေနဲ့ ရင်ပေါင်တန်းနိုင်ဖို့ ဆေးပညာ၊ စစ်ပညာသင်ကြားရာမှာ အမျိုးသားတွေနဲ့တန်းတူ အမျိုးသား၊ အမျိုးသမီး ခွဲခြားထားခြင်းမရှိဘဲ မောင်ရင်းနှမသဖွယ် အတူတူလေ့ကျင့်သင်ကြားပေးနေပါတယ်။

ထူးချွန်ဆုရရှိတဲ့ ဗိုလ်လောင်းတွေကို ရွေးချယ်တဲ့အခါ ကျွန်တော်တို့အနေနဲ့ ဗိုလ်လောင်းအဖြစ် စတင်တက်ရောက်တဲ့ ဆေးပညာအခြေခံနှစ်ကနေ အလုပ်သင်ဆရာဝန်ကာလ ပြီးဆုံးတဲ့အထိ ဗိုလ်လောင်းတစ်ဦးချင်းစီရဲ့ နေထိုင်မှု၊ သွားလာလှုပ်ရှားမှု စည်းကမ်းတွေ၊ ခေါင်းဆောင်မှု၊ စာပေပညာ၊ စစ်ပညာနှစ်စဉ် ကြိုးစားအားထုတ်မှုတွေကို ဗိုလ်လောင်းတပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူး၊ နည်းပြအရာရှိချုပ်နဲ့ စာပေဌာနက ပါမောက္ခချုပ် ဦးစီးနည်းပြတွေက ဘုတ်အဖွဲ့နဲ့ရွေးချယ်ပြီး ကျောင်းအုပ်ကြီးထံတင်ပြပါတယ်။ ပြီးမှ အတည်ပြုချက်ရယူပြီး ရွေးချယ်ခဲ့တာဖြစ်ပါတယ်။

မိမိတို့သင်ကြားလေ့ကျင့်ပေးလိုက်တဲ့ ဗိုလ်လောင်းတွေအနေနဲ့ အနာဂတ်မှာ နိုင်ငံတော်နဲ့တပ်မတော်က အားထားရတဲ့ အရာရှိတွေဖြစ်လာတော့မှာဖြစ်တဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ အနာဂတ်မှာလည်း နိုင်ငံတော်နဲ့ တပ်မတော်က အားထားရတဲ့ခေါင်းဆောင်ကောင်းတွေ၊ သမားဇာနည်ကောင်းတွေ ဖြစ်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

ဗိုလ်လောင်းကောင်းမြင့်မြတ်ထွန်း
(အောင်စစ်သည်ဆု)



ဗိုလ်လောင်းကောင်းမြင့်မြတ်ထွန်း
(အောင်စစ်သည်ဆု)

တပ်မတော်ဆေးတက္ကသိုလ်က ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ လိုက်နာနေထိုင်ခဲ့ပါတယ်။ စာပေပိုင်းဆိုင်ရာမှာလည်း ဆရာ၊ ဆရာမတွေ သင်ကြားပေးထားတဲ့အတိုင်း သင်ရိုးအလိုက် ချမှတ်ထားတဲ့ စာပေပိုင်းဆိုင်ရာ စာမေးပွဲတွေကို စနစ်တကျလေ့လာကြိုးစားခဲ့ပါတယ်။ စစ်ပညာပိုင်းဆိုင်ရာမှာလည်း စစ်ပညာနဲ့စစ်နည်းဗျူဟာ အပိုင်းတွေမှာ နည်းပြဆရာတွေသင်ကြားပေးတဲ့အတိုင်း စနစ်တကျကြိုးစားသင်ယူခဲ့တဲ့အတွက် အောင်စစ်သည်ဆုကို ရရှိခဲ့ပါတယ်။ ဒီဆုရရှိခဲ့တဲ့အတွက်လည်း ကျွန်တော့်အနေနဲ့ အတိုင်းမသိဝမ်းသာပီတိဖြစ်မိပါတယ်။

တပ်မတော်ဆေးတက္ကသိုလ်မှာ ဆေးပညာအခြေခံနှစ်ကနေစပြီး အလုပ်သင်နှစ်အထိ စာပေဘက်က သင်ကြားပေးခဲ့တဲ့ ဆရာ၊ ဆရာမတွေရော လေ့ကျင့်ရေးဘက်က သင်ကြားပေးခဲ့တဲ့ နည်းပြဆရာတွေကိုပါ ကျေးဇူးအထူးတင်ရှိပါတယ်။ ဆရာ၊ ဆရာမတွေရဲ့ လေ့ကျင့်သင်ကြားပေးမှုနဲ့ ကျွန်တော့်ရဲ့ကြိုးစားမှုကြောင့် အောင်စစ်သည်ဆုရရှိခဲ့တာပါ။ ဆရာတွေသင်ကြားပေးတဲ့ ပညာရပ်တွေကို ပြန်ပြီးမျှဝေနိုင်အောင်လည်း ကြိုးစားသွားပါမယ်။

သင်တန်းဆင်းပြီးသွားလို့ တာဝန်ကျရာနေရာဒေသတွေဆီ သွားရောက်ပြီး ကျောင်းတော်ကြီးက ဆရာ၊ ဆရာမတွေသင်ကြားပေးလိုက်တဲ့ ဆေးပညာရပ်တွေနဲ့ တပ်မတော်သားတွေ၊ တပ်မတော်သားမိသားစုဝင်တွေနဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ကျွန်တော့်ရဲ့ အရေးကြီးဆုံးတာဝန်အဖြစ် ခံယူပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကုသပေးပါမယ်။

ဗိုလ်လောင်းသော်ဇင်ဦး
(လေ့ကျင့်ရေးထူးချွန်ဆု)




ဗိုလ်လောင်းသော်ဇင်ဦး
(လေ့ကျင့်ရေးထူးချွန်ဆု)

တပ်မတော်ဆေးတက္ကသိုလ်မှာ အခြေခံနှစ်ကစလို့ အလုပ်သင်ဆရာဝန်အထိ ကျောင်းတော်ကြီးက ချမှတ်ပေးထားတဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ တပ်မတော်ရဲ့ စည်းကမ်းတွေကိုလိုက်နာပြီး စာပေပညာ၊ ဆေးပညာ၊ စစ်ပညာနဲ့စစ်နည်းဗျူဟာပညာရပ်တွေမှာ တတ်စွမ်းသရွေ့ အကောင်းဆုံးကြိုးစားလေ့လာခဲ့ပါတယ်။ ရည်မှန်းချက်ထား ကြိုးစားလုပ်ဆောင်ခဲ့လို့ လေ့ကျင့်ရေးထူးချွန်ဆုကို ရရှိခဲ့တဲ့အတွက်လည်း အတိုင်းမသိဝမ်းသာပီတိဖြစ်မိပါတယ်။

ကျောင်းဆင်းပြီးသွားရင် တာဝန်ကျရာနေရာကိုသွားရောက်ပြီး စစ်သည်တွေနဲ့ မိသားစုဝင်တွေ၊ ပြည်သူတွေကို တပ်မတော်ဆေးတက္ကသိုလ်က သင်ကြားပေးလိုက်တဲ့ ဆေးပညာရပ်တွေနဲ့ မိမိတတ်စွမ်းသရွေ့ ပြုစုစောင့်ရှောက်သွားပါမယ်။

တပ်မတော် ဆေးတက္ကသိုလ်ကို ရောက်ရှိသတင်းပို့ချိန်ကစပြီး ကျောင်းဆင်းချိန်အထိ မဖြစ်သင့်တာ မဖြစ်ရအောင် စည်းကမ်းတွေနဲ့ စနစ်တကျထိန်းသိမ်းပေးခဲ့တဲ့ ကျောင်းအုပ်ကြီးနဲ့ နည်းပြအရာရှိတွေ၊ စာပေပိုင်းဆိုင်ရာတွေ ကျွမ်းကျင်မှုရှိအောင် သေချာသင်ကြားပြသပေးခဲ့တဲ့ ပါမောက္ခချုပ်နဲ့တကွ ဆရာ၊ ဆရာမတွေ၊ လမ်းမှန်ရောက်အောင်၊ ကြိုးစားချင်စိတ်ရှိအောင် အနီးကပ်စောင့်ရှောက်ပေးခဲ့တဲ့ ဆရာတွေနဲ့ စီနီယာတွေကို ကျေးဇူးအထူးတင်ကြောင်း ပြောချင်ပါတယ်။

ဗိုလ်လောင်းအောင်ကိုကိုထက်
(စာပေထူးချွန်ဆု)



ဗိုလ်လောင်းအောင်ကိုကိုထက်
(စာပေထူးချွန်ဆု)

ကျွန်တော်ရရှိခဲ့တဲ့ဆုကတော့ စာပေထူးချွန်ဆုဖြစ်ပါတယ်။ သင်တန်းကာလအတွင်း ဆရာ၊ ဆရာမတွေ သင်ကြားပို့ချနေတဲ့အချိန်တွေမှာ အထူးအာရုံစိုက်အလေးထားပြီး လေ့လာသင်ယူမှတ်သားခဲ့ပါတယ်။ စာပေနဲ့ပတ်သက်ပြီး တစ်နေ့စာတစ်နေ့ သေချာပြီးပြတ်အောင် ပုံမှန်လေ့လာကြိုးစားခဲ့ပါတယ်။ အဓိကက ကျွန်တော့်ရည်မှန်းချက်တွေကို ခိုင်ခိုင်မာမာထားပြီး ကြိုးစားခဲ့ပါတယ်။

ကျောင်းတော်ကြီးက သင်ကြားပေးလိုက်တဲ့ဆေးပညာရပ်တွေနဲ့ တပ်မတော်သားတွေ၊ တပ်မတော်သားမိသားစုဝင်တွေနဲ့ ပြည်သူတွေကို မိဘ၊ ဆွေမျိုးသားချင်းတွေလို သဘောထားပြီး အကောင်းဆုံးပြုစုကုသ စောင့်ရှောက်ပေးသွားမှာပါ။

ကျွန်တော့်ကို အသိပညာ၊ အတတ်ပညာတွေ သင်ကြားပြသပေးခဲ့တဲ့ ဆရာ၊ ဆရာမတွေကို အထူးကျေးဇူးတင်ပါတယ်။ ဆရာ၊ ဆရာမတွေရဲ့ ကျေးဇူးတရားကို မမေ့မလျော့ဘဲ နှလုံးသွင်းပြီး ဘဝတစ်လျှောက်လုံး ဆက်လက်ကြိုးစားသွားမှာပါ။ ဆရာ၊ ဆရာမတွေ သင်ကြားပေးခဲ့တဲ့ပညာရပ်အားလုံးကို ကောင်းတဲ့နေရာတွေမှာ ပြန်ပြီးအသုံးချသွားပါမယ်။

သတင်းအဖွဲ့
(ရန်ကုန်)

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့်မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုံးပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းဗိုလ်လောင်းများအား ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနားကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၁၈

တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်စိုးညွှန့်နှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်၊ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်က ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်သည်။

ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်ပြီးနောက်စစ်ရာထူးခန့်ချုပ်ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၁၀၀)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင် ကျောင်းဆင်းဗိုလ်လောင်း တစ်ဦးချင်းစီအား ပြန်တမ်းဝင် ခန့်အပ်လွှာပေးအပ်စဉ်။

တပ်မတော်ဆေးတက္ကသိုလ်၏ (၂၅) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ



တပ်မတော်ဆေးတက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ခင်အောင်ထွန်း ဘွဲ့ရရှိသူ တစ်ဦးအား ဘွဲ့လက်မှတ်ချီးမြှင့်အပ်နှင်းစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၈

တပ်မတော်ဆေးတက္ကသိုလ်၏ (၂၅) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်စိုးညွှန့်၊ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ခင်အောင်ထွန်းနှင့် တပ်မတော်ဆေးတက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

အစီအစဉ်အရ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမသို့ဝင်ရောက်၍ သတ်မှတ်နေရာများတွင် နေရာယူကြပြီးနောက် မြန်မာ့ဆိုင်းတူရိယာအဖွဲ့က နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်ကျင်းပကြောင်းကြေညာပြီး ဘွဲ့ယူမည့်သူများအား ကတိသစ္စာခံယူစေခြင်း၊ မော်ကွန်းထိန်းက ဘွဲ့ယူမည့်သူများကို ပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က ဆေးပညာဘွဲ့နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရရှိသူတို့အား ဘွဲ့လက်မှတ်များချီးမြှင့်အပ်နှင်းသည်။ ထို့နောက် ပါမောက္ခချုပ်က ဘွဲ့ရသူများအား ဘွဲ့များနှင့်လျော်ညီသော အဆောင်အယောင် အမှတ်လက္ခဏာဖြစ်သည့်ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီးနောက် အခမ်းအနားကို ရုပ်သိမ်းကြောင်းကြေညာကာ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းများရရှိသည့် ပညာရည်ထူးချွန်ဆုအဆင့်များ ဂုဏ်ထူးများသည် တပ်မတော်ဆေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများနှင့်သာစစ်ဆေးခြင်းမဟုတ်ဘဲ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးတက္ကသိုလ်(မန္တလေး)၊ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ ဆေးတက္ကသိုလ်(မကွေး)၊ ဆေးတက္ကသိုလ်(တောင်ကြီး) စသည့် တစ်နိုင်ငံလုံးရှိဆေးတက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် စာစစ်ပုဂ္ဂိုလ်များ၏ စစ်ဆေးချက်များနှင့်အညီ ချီးမြှင့်ခြင်းဖြစ်ကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်၏ သင်ရိုးညွှန်းတမ်းများကိုလည်း အခြားသောတက္ကသိုလ်များနှင့်ညှိနှိုင်းရေးဆွဲထားရှိပြီး ဆေးပညာသင်ကြားရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းအရ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ အထူးအောင်သတ်မှတ်ခြင်းနှင့် ဂုဏ်ထူးပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

ရွှေ့ပြောင်းနိုင်သောပစ္စည်းကိုအာမခံထား၍ ငွေချေးခြင်းဆိုင်ရာဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်းသည့် အစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၈

ရွှေ့ပြောင်းနိုင်သောပစ္စည်းကို အာမခံထား၍ ငွေချေးခြင်းဆိုင်ရာဥပဒေ(Secured Transactions Law) အဋ္ဌမ(မူကြမ်း)နှင့် စပ်လျဉ်းသည့်အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းနိုင်သောပစ္စည်းကို အာမခံထား၍ ငွေချေးနိုင်သည့်ဥပဒေ အခြေခံတစ်ရပ်ရှိစေရန်အတွက် ရွှေ့ပြောင်းနိုင်သောပစ္စည်းကို အာမခံထား၍ ငွေချေးခြင်းဆိုင်ရာဥပဒေ(Secured Transactions Law)(မူကြမ်း)ကို ပြဋ္ဌာန်းနိုင်ရန် ၂၀၁၈ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ကြောင်း။

မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းနိုင်သောပစ္စည်းကိုအပေါင်ထား၍ ချေးငွေထုတ်ချေးနိုင်မည့်ဈေးကွက်တစ်ရပ်ပေါ်ပေါက်လာပြီး စီးပွားရေးလုပ်ငန်းများ၊ အထူးသဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ချေးငွေရရှိနိုင်မှုတိုးတက်ရေးကို အထောက်အကူပြုရန်၊ အပေါင်ပစ္စည်းများအား မှတ်ပုံတင်ထားခြင်းဖြင့် အာမခံအကျိုးခံစားခွင့်ကိုဥပဒေအရိုင်မာမှုရှိစေရန်၊ အာမခံအကျိုးခံစားခွင့်နှင့်စပ်လျဉ်းသည့် အငြင်းပွားမှုများကို ဤဥပဒေအရဖြေရှင်းနိုင်ရန် ရည်ရွယ်ကြောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းကို အာမခံထား၍ ငွေချေးခြင်းဆိုင်ရာဥပဒေ (Secured Transactions Law)ကို ပြဋ္ဌာန်းပြီးပါက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများသည် ချေးငွေရရှိနိုင်မှုပိုမိုလွယ်ကူမြန်ဆန်၍ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။



အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဌာနနှင့် မြန်မာ နိုင်ငံတော်ဗဟိုဘဏ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။ (၅၀၀)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ကျိုင်းတုံခရိုင်ရုံးဖွင့်ပွဲကျင်းပ



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်တာဝန်ရှိသူများက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ကျိုင်းတုံခရိုင်ရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၈

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ကျိုင်းတုံခရိုင်ရုံးဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ကျိုင်းတုံခရိုင်ရုံး၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်မှူးချုပ်စိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဥက္ကဋ္ဌန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုး၊ပြည်နယ်/ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။


ဦးစွာ တိုင်းမှူးနှင့်တာဝန်ရှိသူများက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ကျိုင်းတုံခရိုင်ရုံးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများအား ကျိုင်းတုံခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးဖွင့်ပွဲ အထိမ်းအမှတ်အလံအား တာဝန်ရှိသူများက အသီးသီးပေးအပ်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ကျိုင်းတုံခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ကမ္ဘည်းမော်ကွန်းဆိုင်းဘုတ်အား အမွေးနုံ့သာရည်များဖြင့်ပက်ဖျန်းကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများရိုက်ကူးကာ ကျိုင်းတုံခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအတွင်းလှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။


အထူးမိုးလေဝသသတင်း



နေပြည်တော် ဒီဇင်ဘာ ၁၈

ယနေ့ မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့မှလေနွေးများနှင့်တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွှေ့လျားလာသောလေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းမှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့် လည်းကောင်း ဒီဇင်ဘာလ ၂၀ ရက်နေ့မှ ၂၃ ရက်နေ့အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးခြင်းများဖြစ်ပေါ်နိုင်သည်။ (မိုး/၈လ)

အားကောင်းသောလေဖိအားနည်းရပ်ဝန်း အနောက်မြောက်ဘက်သို့ရွှေ့လျားနိုင်



နေပြည်တော် ဒီဇင်ဘာ ၁၈

ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း(Well Marked low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ရွှေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံတမီးလ်နာဒူးမြောက်ပိုင်းနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့သို့ ရောက်ရှိနိုင်ကာ ထို့မှတစ်ဆင့် မြောက်ယွန်းယွန်းသို့ဦးတည်ပြီး ၄၈ နာရီအတွင်း အင်ဒရာပရာဒေ့ရှ်ကမ်းရိုးတန်းတစ်လျှောက်ရွှေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/၈လ)

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိကောင်းစရာများ ဖော်ပြမည့်အစီအစဉ်

နေပြည်တော် ဒီဇင်ဘာ ၁၈

၂၀၂၅ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာမေးပွဲအထောက်အကူပြုဘာသာရပ်များကို ဒီဇင်ဘာလ ၂၀ ရက်မှစ၍ မြဝတီသတင်းစာတွင် အောက်ပါအတိုင်းဖော်ပြပေးသွားမည်ဖြစ်သည်-

စဉ်	ဘာသာရပ်	ဖော်ပြမည့်ရက်
၁။	မြန်မာစာ	၂၀-၁၂-၂၀၂၄
၂။	အင်္ဂလိပ်စာ	၂၁-၁၂-၂၀၂၄
၃။	သချာ	၂၂-၁၂-၂၀၂၄
၄။	ဓာတုဗေဒ	၂၃-၁၂-၂၀၂၄
၅။	ရူပဗေဒ	၂၄-၁၂-၂၀၂၄
၆။	ဇီဝဗေဒ	၂၅-၁၂-၂၀၂၄
၇။	ပထဝီဝင်	၂၆-၁၂-၂၀၂၄
၈။	သမိုင်း	၂၇-၁၂-၂၀၂၄
၉။	ဘောဂဗေဒ	၂၈-၁၂-၂၀၂၄

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၁၂-၂၀၂၄ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၃၀၄၀	၃၀၅၅	၃၁၂၀	၃၀၅၅	၃၀၆၀	၃၀၇၅	၃၀၉၅	၃၀၁၀	၄၅၀၅	၃၄၀၅	၃၀၃၀	၃၀၃၀	၃၂၀၀	၃၀၆၅	၃၀၉၀	၃၄၄၄	၃၉၅၀
95 Ron	၃၀၅၀	၃၂၆၅	၃၂၃၀	၃၀၆၅	၃၂၇၀	၃၂၈၅	၃၃၀၅	၃၂၂၀	၄၈၆၀	၃၅၁၅	၃၂၄၀	၃၂၄၀	၃၃၀၀	၃၂၈၅	၃၃၀၀	၃၅၅၅	၄၁၀၀
HSD (500 ppm)	၂၅၉၀	၂၇၀၅	၂၆၇၀	၂၆၀၅	၂၇၃၀	၂၇၂၅	၂၇၄၀	၂၆၆၀	-	၂၉၅၅	၂၆၀၀	၂၆၀၀	၂၇၅၀	၂၇၀၅	၂၇၃၅	၂၉၉၅	၃၉၅၀
HSD (50 ppm)	၃၂၀၀	၃၃၂၅	၃၂၉၀	၃၂၂၅	၃၃၃၀	၃၃၄၅	၃၃၆၅	၃၂၀၀	၄၈၃၀	၃၅၅၅	၃၃၀၀	၃၃၀၀	၃၃၀၀	၃၃၃၅	၃၃၅၅	၃၆၁၅	-
HSD (10 ppm)	၃၂၀၀	၃၃၂၅	၃၂၉၀	၃၂၂၅	၃၃၃၀	၃၃၄၅	၃၃၆၅	၃၂၀၀	-	၃၅၅၅	၃၃၀၀	၃၃၀၀	၃၃၀၀	၃၃၃၅	၃၃၅၅	၃၆၁၅	-

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-


၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၉၃၆၃၂၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၈၇၁	၂၉၆၂
95 Ron	၂၉၇၇	၃၀၇၁
HSD (500 ppm)	၂၄၃၃	၂၅၁၁
HSD (50 ppm)	၃၀၃၅	၃၁၂၅
HSD (10 ppm)	၃၀၃၅	၃၁၂၅



တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

နေပြည်တော် ဒီဇင်ဘာ ၁၈

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

(မိုး/၈လ)

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)

(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၂၊ ၀၆၇- ၃၄၀၄၉၃၃၃၊ ၀၆၇-၃၄၀၄၉၄၄၄၊ ၀၆၇-၃၄၀၄၉၅၅၅

(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော် ကောင်စီ)

(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉

(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)

(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂

(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)

(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈

(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)

(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉

(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)

(၁) ၀၆၃- ၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉

(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)

(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆

(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)

(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆

(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)

(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈

(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)

(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇

(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)

(၁) ၀၈၁- ၂၁၂၄၅၀၊ ၀၈၁- ၂၁၂၄၉၉၅

(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)

(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄

(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

❖ ဆေးဝန်ထမ်းတပ်ဖွဲ့၏ မူလတာဝန်များအပြင် နိုင်ငံတော်၏ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုပေးနိုင်သည့် တပ်မတော်သားဆရာဝန်သမားကောင်းများအဖြစ် တာဝန်ထမ်းဆောင်သွားကြရန် . . .

❖ ပြည်သူလူထု၏ကျန်းမာရေးနှင့်ပတ်သက်ပြီး "လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ" ဟူသည့်အတိုင်း မိမိတို့တပ်မတော်အနေဖြင့်လည်း ပြည်သူလူထုအတွက် ပိုမိုကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ ပြည်သူများ၏နေ့စဉ် လူမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရမည်ဖြစ် . . .

❖ တပ်မတော်ဆေးတက္ကသိုလ်၏ ဂုဏ်၊ ဆေးဝန်ထမ်းတပ်ဖွဲ့၏ဂုဏ်၊ တပ်မတော်၏ဂုဏ်ကို မြှင့်တင်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရှိသေသည့် "သမားဇာနည်အောင်စစ်သည်" များဖြစ်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရန် . . .

❖ သင်တန်းကာလတစ်လျှောက်လုံးမျှော်မှန်းချက်၊ ရည်မှန်းချက်ရှိစွာဖြင့် မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် အစဉ်တစိုက်ကြိုးစားအားထုတ်ခဲ့ပြီး မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနှင့် နေထိုင်ခဲ့မှုအကျိုးရလဒ်ကို ခံစားရခြင်းပင်ဖြစ် . . .

❖ ကြိုးစားအားထုတ်မှုရှိမှသာလျှင် ဘဝရပ်တည်မှုများမြင့်မားမည်ဖြစ်သဖြင့် မိမိတို့၏ရည်မှန်းချက်ပန်းတိုင်မျှော်မှန်းစေရေးအတွက် စဉ်ဆက်မပြတ် ဆက်လက် ကြိုးပမ်းအားထုတ်သွားရန်နှင့် မိမိကိုယ်ကို စောင့်ထိန်းနေထိုင်သွားကြရန်လို . . .

❖ ငယ်စဉ်ကလေးဘဝမှ တက္ကသိုလ်ရောက်သည်အထိ ကျွေးမွေးစောင့်ရှောက်သွန်သင်ပေးခဲ့သည့် ကြီးမားလှသည့် မိဘဆရာတို့၏ဂုဏ်ကျေးဇူးကို သိတတ်နားလည်ကျေးဇူးဆပ်ရမည်ဖြစ်သကဲ့သို့ အသိပညာများနှင့် အတတ်ပညာများကို သင်ကြားပေးလိုက်သည့် တပ်မတော်ဆေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ တပ်မတော်နှင့်နိုင်ငံတော်၏ ဂုဏ်ကျေးဇူးကိုလည်း စစ်သားကောင်းတစ်ဦး၊ ဆရာဝန်ကောင်းတစ်ဦး ပီသစွာ နေထိုင်ကျင့်ကြံခြင်း၊ မိမိကိုယ်ကိုတန်ဖိုးထား၍ ဆက်လက်တိုးတက်အောင်နေထိုင်ခြင်း၊ သစ္စာရှိရှိဖြင့် ပေးအပ်လာသည့် တာဝန်များကိုကျေပွန်အောင်ထမ်းဆောင်ခြင်းတို့ဖြင့် ကျေးဇူးဆပ်ရမည်ဖြစ်ကြောင်း၊ ရှေ့ဆက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်လုံးအောင်မြင်သူများဖြစ်စေရေး၊ ခေါင်းဆောင်ကောင်းများဖြစ်စေရေး၊ ကြီးမားသည့်တာဝန်များကို လက်ဆင့်ကမ်း တာဝန်ပေးအပ်နိုင်ရေး မိမိဘဝကိုမိမိ ကြိုးစားတည်ဆောက် သွားကြရန် လို ကြောင်းဖြင့်မှာကြားသည်။

(၁၀၀)

★ စာမျက်နှာ ၁၅ မှအဆက်

ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး ကြိုးစားခဲ့သောကြောင့် ထူးချွန်စွာအောင်မြင်ခဲ့ပြီးဖြစ်သဖြင့် ရှေ့ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်တွင်လည်း မိမိတို့၏ ရည်မှန်းချက်များ မပျောက်ပျက်၊ မယိမ်းယိုင်စေရေးအတွက် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ **ကြိုးစားအားထုတ်မှုရှိမှသာလျှင် ဘဝရပ်တည်မှုများ မြင့်မားမည်ဖြစ်သဖြင့် မိမိတို့၏ရည်မှန်းချက် ပန်းတိုင်မပျောက်စေရေးအတွက် စဉ်ဆက်မပြတ် ဆက်လက် ကြိုးပမ်းအားထုတ်သွားရန်နှင့် မိမိကိုယ်ကို စောင့်ထိန်းနေထိုင်သွားကြရန်လို**ကြောင်း၊ ပြောင်းလဲတိုးတက်နေသည့် ခေတ်နှင့်အမီလိုက်နိုင်ရေးအတွက် စာပေဖတ်ရှုလေ့လာခြင်း၊ လက်တွေ့အသုံးချခြင်း၊ မျှဝေခြင်းများကို ဆောင်ရွက်သွားရန်လည်းလိုကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ရာဒေသများအလိုက် တွင် ပြည်သူလူထုကို ဆေးပညာဖြင့်သာအကျိုးပြုရုံမကဘဲ မိမိတို့ သိရှိထားသည့် စာပေဗဟုသုတများဖြင့်နည်းကောင်းလမ်းပြပေးခြင်းဖြင့်လည်း အကျိုးပြုသွားကြရန် လိုကြောင်း။

ငယ်စဉ်ကလေးဘဝမှ တက္ကသိုလ်ရောက်သည်အထိ ကျွေးမွေးစောင့်ရှောက်သွန်သင်ပေးခဲ့သည့် ကြီးမားလှသည့် မိဘဆရာတို့၏ဂုဏ်ကျေးဇူးကိုသိတတ်နားလည်ကျေးဇူးဆပ်ရမည်ဖြစ်သကဲ့သို့ အသိပညာများနှင့် အတတ်ပညာများကို သင်ကြားပေးလိုက်သည့် တပ်မတော်ဆေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ တပ်မတော်နှင့်နိုင်ငံတော်၏ ဂုဏ်ကျေးဇူးကိုလည်း စစ်သားကောင်းတစ်ဦး၊ ဆရာဝန်ကောင်းတစ်ဦး ပီသစွာ နေထိုင်ကျင့်ကြံခြင်း၊ မိမိကိုယ်ကိုတန်ဖိုးထား၍ ဆက်လက်တိုးတက်အောင်နေထိုင်ခြင်း၊ သစ္စာရှိရှိဖြင့် ပေးအပ်လာသည့် တာဝန်များကိုကျေပွန်အောင်ထမ်းဆောင်ခြင်းတို့ဖြင့် ကျေးဇူးဆပ်ရမည်ဖြစ် . . .

TTTC (ဘယ်လင်း)၌ မက္ကင်းနစ်များအတွက် EV သင်တန်း (၁/၂၀၂၄) တိုးချဲ့ဖွင့်လှစ်

နေပြည်တော် ဒီဇင်ဘာ ၁၈



အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ညွှန်ကြားချက်များအတိုင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် နိုင်ငံတော်တွင် လျှပ်စစ်သုံးယာဉ်(Electric Vehicle၊ EV)ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌဖြစ်သူ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျာသည် ယနေ့နံနက်၉ နာရီတွင် နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဆရာအတတ်သင်ကောလိပ် (TTTC ဘယ်လင်း)တွင် Hybrid စနစ်ဖြင့် ကျင်းပသည့် ကားဝပ်ရှော့များမှ စက်ပြင်ဆရာ(မက္ကင်းနစ်များ)အတွက် ဖွင့်လှစ်သော EV နည်းပညာသင်တန်း(၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဒုတိယဝန်ကြီးက နိုင်ငံတော်ရှိပြည်သူများ EV သုံးစွဲမှုမှအကျိုးကျေးဇူးများကို ရရှိခံစားကြစေရေးနှင့် ကမ္ဘာ့နိုင်ငံများ နည်းတူ သယ်ယူပို့ဆောင်ရေးကဏ္ဍမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်ရေးနှင့် Sustainable Future ကို ဖန်တီးတည်ဆောက်နိုင်ရေးအတွက် EV ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ဦးဆောင်ကော်မတီက ၂၀၅၀ ပြည့်နှစ်အထိ မူဝါဒများကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

အခမ်းအနားသို့ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနမှညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်ညွှန်ကြားရေးမှူးများ၊ ကျောင်းအုပ်ကြီးများလည်း တက်ရောက်ကြသည်။ သင်တန်းတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ UNR 100၊ ဗို့အားမြင့် မောင်းနှင်ခြင်းစနစ်၊ ဘက်ထရီနည်းပညာ၊ ထိန်းချုပ်စနစ်၊ Special Hand Tools ကိုင်တွယ်အသုံးပြုပုံ၊ ပြစ်ချက်ပြဿနာရှာဖွေခြင်းနှင့် စမ်းသပ်ခြင်း၊ Traction Battery ဖြုတ်တပ်ခြင်းနှင့် စမ်းသပ်ခြင်း၊ Electrical Power Train စနစ်ဖြုတ်တပ်ခြင်းနှင့် စမ်းသပ်ခြင်းဆိုင်ရာ လက်တွေ့လုပ်ငန်းများကို အဆင့်မြင့် သင်ထောက်ကူမော်ကျူးများ အသုံးပြုကာ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကားဝပ်ရှော့များမှ သင်တန်းသား ၂၆ ဦးနှင့် ဌာနဆိုင်ရာသင်တန်းသား သုံးဦးတက်ရောက်ကြကြောင်း သတင်းရရှိသည်။

(၅၀၀)

(၃၇)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁၈

(၃၇)ကြိမ်မြောက်သက်ကြီးစာပေပညာရှင်များပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများကို ယနေ့တွင် လှူဒါန်းကြရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အလှူငွေကျပ်သိန်း ၁၅၀၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းကငွေကျပ် သိန်း ၃၀၊ ဗိုလ်ချုပ်ဦး(ငြိမ်း)ပြည်ထောင်စုဝန်ကြီး(ငြိမ်း)-ဒေါ်နီနီဝင်း မိသားစုက ငွေကျပ် ၂၇၆၁၀၀၀၊ ဒေါက်တာတင်ထွန်းဦး-ဒေါက်တာခင်မိုးမိုး (စွယ်စုံမီဒီယာဂရု) မိသားစုက ငွေကျပ် ၁၁ သိန်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဒေါက်တာခင်ခင်ရီ(ရှိုင်းဟုပ်ကုမ္ပဏီ) တို့က ငွေကျပ်ဆယ်သိန်းစီ၊ မြန်မာနိုင်ငံဂီတအစည်းအရုံးက ငွေကျပ်သုံးသိန်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်စာရေးဆရာအသင်းက ငွေကျပ် ၂၅၀၀၀၀၊ သဃ်နိုးကျွန်းမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ၁၅၀၀၀၀၊ မရမ်းကုန်းမြို့နယ်စာရေးဆရာအသင်းနှင့် ဓနဖြူမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ် ၁၁၀၀၀၀ စီ ပေးအပ် လှူဒါန်းခဲ့ကြသည်။

ထို့ပြင် ဦးဇော်အောင်မျိုး(မိုးစွန်ကြယ်စာပေ)၊ ဦးသိမ်းထွန်း (စစ်ရဲအိမ်)၊ စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအသင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်စာရေးဆရာအသင်း၊ တာမွေမြို့နယ်စာရေးဆရာအသင်း၊ ချောင်းဆုံမြို့နယ် စာရေးဆရာအသင်း၊ တောင်ငူမြို့နယ် စာရေးဆရာအသင်းနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ လှူဒါန်းကြခဲ့သည်။

အဆိုပါလှူဒါန်းငွေများကို အလှူရှင်များက ပေးအပ်လှူဒါန်းရာ အတွင်းရေးမှူး ဦးညွှန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်) နှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၄၁၊ ၀၉-၄၅၁၀၀၉၀၄၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၅၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများနှင့်မိဘများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

❖ ယနေ့ခေတ်သည် သိပ္ပံနှင့် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ ဆေးသိပ္ပံပညာရပ်နယ်ပယ်သည်လည်း တစ်နေ့တခြားတိုးတက်ပြောင်းလဲနေသည်ကို တွေ့ရှိရမည်ဖြစ်၊ ဆန်းသစ်ပြောင်းလဲလာသည့်ကုထုံးနှင့် ဆေးဝါးကိရိယာအသစ်များပေါ်ပေါက်လာသကဲ့သို့ ထူးခြားဆန်းပြားသည့်ရောဂါဘယများကလည်း ဆေးပညာနယ်ပယ်ကို စိန်ခေါ်လျက်ရှိနေ၊ ယင်းတို့ကို ရင်ဆိုင်ကျော်လွှားနိုင်ရေး ဆေးသိပ္ပံဆိုင်ရာပညာရပ်များနှင့်ပတ်သက်၍ သုတေသနပြုခြင်းအပါအဝင် တီထွင်ဆန်းသစ်မှုများကိုလည်း စဉ်ဆက်မပြတ်လေ့လာဆောင်ရွက်သွားကြရမည်ဖြစ်၊ လက်ရှိမိမိတို့နိုင်ငံတွင်လည်း အမျိုးသားသိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုကောင်စီကိုဖွဲ့စည်းထားပြီး ဆန်းသစ်တီထွင်မှုဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေ၊ ကျန်းမာရေးကဏ္ဍဆိုင်ရာတွင် နည်းပညာအသစ်များနှင့် ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှု၊ ကျန်းမာရေးနှင့် လူသားအရင်းအမြစ်ချိတ်ဆက်မှု၊ ဆေးပညာဆိုင်ရာ တက္ကသိုလ်အဆင့် ချိတ်ဆက်မှုများမှတစ်ဆင့် ကုသမှုနည်းပညာများပေါင်းစည်းခြင်းနှင့် အဆင့်မြင့်ကုသနည်းဖော်ထုတ်ခြင်းအစရှိသည့် တို့ကို နည်းပညာလွှဲပြောင်းမှုစင်တာများနှင့် အသိပညာဖြန့်ဝေရေးစင်တာများမှတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိ၊ ထို့ကြောင့် ပြောင်းလဲတိုးတက်လာသည့်နည်းပညာရပ်များ၊ ဆေးသိပ္ပံပညာရပ်များကို မျက်ခြည်မပြတ်စေဘဲ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သည့် ဆေးသိပ္ပံပညာရှင်များဖြစ်အောင် တပ်မတော်ဆေးတက္ကသိုလ်က သင်ကြားပေးလိုက်သည့် ဆေးပညာရပ်များမှတစ်ဆင့် အဆင့်မြင့်ဆေးပညာရပ်များကို ဆက်လက်ဆည်းပူးလေ့လာဆောင်ရွက်သွားကြရမည်ဖြစ် . . .

★ စာမျက်နှာ ၁၇ မှအဆက်

ပြည်သူများ၏ နေ့စဉ်လူမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအနေဖြင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးတွင် ပြည်သူလူထုကို ဆေးအကာအကွယ်ပေးရေး အပါအဝင် နိုင်ငံအနှံ့အပြား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနေခြင်းသည် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ကို တာဝန်သိသိဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး ပြည်သူလူထု၏အသက်ခန္ဓာများကို ကာကွယ်စောင့်ရှောက်ပေးနေခြင်းဖြစ်သောကြောင့် တစ်နည်းအားဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်နေခြင်းဖြစ်သည်ကို သိရှိနားလည်ထားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တာဝန်ကျရာ နယ်မြေဒေသအသီးသီးသို့ ရောက်ရှိချိန်တွင် မိမိတို့တတ်ကျွမ်းထားသည့်ဆေးပညာများကို လက်တွေ့အသုံးချပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အားတက်သရော အောင်မြင်စွာလုပ်ဆောင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်တည်ဆောက်ရာတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးဆုံးဖြစ်သကဲ့သို့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုသက်ရှည်ကျန်းမာရေးသည် အခြေခံအကျဆုံးဖြစ်ကြောင်း၊ ပြည်သူလူထုသက်ရှည်ကျန်းမာစေရေးအတွက် အရည်အချင်းပြည့်ဝသည့် ပါရဂူဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ ပြည့်စုံလုံလောက်စွာရှိရန်အလွန်အရေးကြီးကြောင်း။

မြန်မာ့လူမှုပတ်ဝန်းကျင်တွင် ဆရာဝန်များကို သမားဂုဏ်အရ တလေးတစားနေရာပေးလေ့ရှိသကဲ့သို့ တပ်မတော်သားဆရာဝန်အရာရှိများကိုလည်း ကိုယ်ကျိုးစွန့်အနစ်နာခံသည့် ယောကျ်ားကောင်းများအဖြစ်အသိအမှတ်ပြုနေကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့်အပ်ငန်းခံကြိုးစားအားထုတ်ပြီး ရရှိလာခဲ့သည့် တပ်မတော်သားအရာရှိဆရာဝန်ဆေးမှူးဟူသည့်ဂုဏ်ပုဒ်ကို မထိခိုက်မပျက်စီးစေရေး အစစအရာရာ ကိုယ်တိုင်ထိန်းသိမ်းနေထိုင်သွားကြရန် လိုအပ်ကြောင်း၊ ထို့ပြင် တပ်မတော်သားဆရာဝန်များဖြစ်သည်နှင့်အညီ လိုအပ်လာပါက ခြေလျင်စစ်သည်များနှင့်အတူ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးအတွက် စစ်ဆင်ရေးတာဝန်များကိုပါ ထမ်းဆောင်ကြရမည်ဖြစ်သဖြင့် အမိန့်နာခံမှုကောင်းပြီး စစ်ပညာများကို အသုံးချတတ်သည့် စစ်ခေါင်းဆောင်များဖြစ်အောင် ကြိုးစားကြရန်လိုကြောင်း။

ဆေးကုသရေးတာဝန် ထမ်းဆောင်ချိန်တွင် ဆေးပညာရပ်များကိုအသုံးချပြီး လူနာများအပေါ်တွင် **ကောင်းမြတ်သည့်စေတနာ၊ မွန်မြတ်သည့်စိတ်ထား၊ ပြည့်ဝသည့် အကြင်နာမေတ္တာတရားများ**နှင့် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သကဲ့သို့ စစ်ဆင်ရေးနှင့်လုံခြုံရေးတာဝန်များထမ်းဆောင်ချိန်တွင်လည်း သင်ကြားပေးလိုက်သည့် စစ်ပညာရပ်များကိုအသုံးချပြီး **“တပ်မတော်၏အစဉ်အလာကို အသက်ပေးစောင့်ထိန်းလိုသည့်စိတ်ဓာတ်”** ဖြင့် တာဝန်ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ စိတ်ဓာတ်ကောင်းများမွေးမြူပြီး လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် တပ်မတော်သား ဆရာဝန်၊ ခေါင်းဆောင်ငယ်များအဖြစ် နိုင်ငံတော်နှင့်တပ်မတော်ကအားကိုးအားထားပြုရသည့် ဆေးဝန်ထမ်းတပ်ဖွဲ့၏ အနာဂတ်တာဝန်များကို ပခုံးပြောင်းတာဝန်ယူဆောင်ရွက်နိုင်မည့် **“သမားဇာနည် အောင်စစ်သည်”** များဖြစ်အောင် အထူးကြိုးစားသွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။

တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင် အရာရှိကောင်းများအဖြစ် နိုင်ငံတော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူလူထုအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ပြောင်းလဲတိုးတက်နေသည့် ဆေးသိပ္ပံပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာဆည်းပူးသုတေသနပြုပြီး ကျွမ်းကျင်သည့် ဆေးသိပ္ပံပညာရှင်များဖြစ်အောင် ကြိုးစားသွားကြရန်၊ ဆေးဝန်ထမ်းတပ်ဖွဲ့၏ရည်မှန်းချက်ဖြစ်သော **“ကျန်းမာကြံ့ခိုင်တိုက်နိုင်ရန်”** ဟူသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများကျန်းမာကြံ့ခိုင်ပြီး ပေးအပ်ယည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရေး မိမိတို့တတ်ကျွမ်းသည့်ဆေးပညာဖြင့်စောင့်ရှောက်ကာကွယ်သွားကြရန်၊ **တပ်မတော်ဆေးတက္ကသိုလ်၏ဂုဏ်၊ ဆေးဝန်ထမ်းတပ်ဖွဲ့၏ဂုဏ်၊ တပ်မတော်၏ဂုဏ်ကို မြှင့်တင်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရှိသေသည့် “သမားဇာနည် အောင်စစ်သည်”များဖြစ်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနား အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော်ဆေးတက္ကသိုလ်ကျောင်းဌာနချုပ်ဇည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများနှင့် မိဘများကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန် ဆုများရရှိကြသည့်အတွက် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ **သင်တန်းကာလတစ်လျှောက်လုံး မျှော်မှန်းချက်၊ ရည်မှန်းချက်ရှိစွာဖြင့် မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် အစဉ်တစိုက် ကြိုးစားအားထုတ်ခဲ့ပြီး မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနှင့် နေထိုင်ခဲ့မှုအကျိုးရလဒ်ကို ခံစားရခြင်းပင်ဖြစ်ကြောင်း၊** အခြေခံပညာအထက်တန်းပညာကို မြင့်မားသောရမှတ်များဖြင့် အောင်မြင်ခဲ့သည့် အခြေခံကောင်းများကို ယခုတက္ကသိုလ်ပညာရပ်များ ဆည်းပူးရာတွင်လည်း

စာမျက်နှာ ၁၄ သို့ ★





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူ သတိုးသီရိသုခမွမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင်မိန့်ခွန်းပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူ သတိုးသီရိသုခမွမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်စဉ်။

❖ တိုက်ပွဲဝင်စစ်သည်တိုင်း တိုက်စွမ်းရည်မြင့်မားရေးအတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေး အထူးလိုအပ်သောကြောင့် သင်ယူတတ်မြောက်ထားသည့် ဆေးပညာရပ်များကိုအသုံးချပြီး နေရာဒေသမရွေး၊ အချိန်အခါမရွေး လုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးသွားကြရမည် . . .

★ **ရှေ့ဖုံးမှအဆက်**

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့်မင်္ဂလာဒုံတပ်နယ်မှတာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူ သတိုးသီရိသုခမွမင်းအောင်လှိုင်က ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအားစစ်ဆေးသည်။ ထို့နောက် ဗိုလ်လောင်းတပ်ခွဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမွမင်းအောင်လှိုင်အား အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမွမင်းအောင်လှိုင်က တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းကောင်းမြင့်မြတ်ထွန်း၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းသော်ဇင်ဦးနှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအောင်ကိုကိုထက် တို့အား ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမွမင်းအောင်လှိုင်က တပ်မတော်သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် တပ်မတော်ဆေးတက္ကသိုလ်ကို **"တပ်မတော် (ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သောလက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင် အရာရှိကောင်းများ မွေးထုတ်ပေးရန်"** ဟူသည့် ရည်ရွယ်ချက်ဖြင့် တပ်မတော်အရာရှိဆရာဝန် ဆေးမှူးများကို စဉ်ဆက်မပြတ်လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်က မွေးထုတ်ပေးလိုက်သည့် တပ်မတော်သားဆေးသိပ္ပံပညာရှင်များသည် တပ်မတော်သားအရာရှိ၊ စစ်သည်မိသားစုဝင်များ သာမက တိုင်းရင်းသားပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနေသကဲ့သို့ နိုင်ငံတော်နှင့် တပ်မတော်အတွက် ဆေးသိပ္ပံပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်လည်း အားသွန်ခွန်စိုက်လုပ်ကိုင်ဆောင်ရွက်နေကြသည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ်တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

တပ်မတော်အရာရှိ ဆရာဝန်ဆေးမှူးများ၏ ကျွမ်းကျင်မှုနှင့် ကျန်းမာရေးစောင့်ရှောက်ပေးမှုများသည် မိမိတို့တပ်မတော်သားများ၏ ကျန်းမာကြံ့ခိုင်ရေးအတွက် အလွန်အရေးကြီးသည့် တာဝန်တစ်ရပ်ဖြစ်ပြီး တပ်မတော်အင်အားတောင့်တင်းခိုင်မာရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးစွမ်းပကားမြင့်မားစေရေးအတွက်လည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုလျက်ရှိကြောင်း၊ **တိုက်ပွဲဝင်စစ်သည်တိုင်း တိုက်စွမ်းရည်မြင့်မားရေးအတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေး အထူးလိုအပ်သောကြောင့် သင်ယူတတ်မြောက်ထားသည့် ဆေးပညာရပ်များကို အသုံးချပြီး နေရာဒေသမရွေး၊ အချိန်အခါမရွေး လုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးသွားကြရမည်**ဖြစ်ကြောင်း။

ယနေ့ခေတ်သည် သိပ္ပံနှင့်နည်းပညာခေတ်ဖြစ်သည်နှင့်အညီ ဆေးသိပ္ပံပညာရပ်နယ်ပယ်သည်လည်း တစ်နေ့တခြားတိုးတက်ပြောင်းလဲနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ဆန်းသစ်ပြောင်းလဲလာသည့် ကုထုံးနှင့် ဆေးဝါးကိရိယာအသစ်များ ပေါ်ပေါက်လာသကဲ့သို့ ထူးခြားဆန်းပြားသည့်ရောဂါဘယများကလည်း ဆေးပညာနယ်ပယ်ကို စိန်ခေါ်လျက်ရှိနေကြကြောင်း၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူ သတိုးသီရိသုခမွန်မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းကောင်းမြင့်မြတ်ထွန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူ သတိုးသီရိသုခမွန်မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းကောင်းမြင့်မြတ်ထွန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူ သတိုးသီရိသုခမွန်မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅)မှ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းသော်ဇင်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူ သတိုးသီရိသုခမွန်မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅)မှ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအောင်ကိုကိုထက်အား ဆုပေးအပ်ချီးမြှင့်စဉ်။

ယင်းတို့ကို ရင်ဆိုင်ကျော်လွှားနိုင်ရေး ဆေးသိပ္ပံဆိုင်ရာပညာရပ်များနှင့်ပတ်သက်၍ သုတေသနပြုခြင်းအပါအဝင် တီထွင်ဆန်းသစ်မှုများကိုလည်း စဉ်ဆက်မပြတ် လေ့လာဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လက်ရှိ မိမိတို့နိုင်ငံတွင်လည်း အမျိုးသားသိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုကောင်စီကိုဖွဲ့စည်းထားပြီး ဆန်းသစ်တီထွင်မှုဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေကြောင်း၊ ကျန်းမာရေးကဏ္ဍဆိုင်ရာတွင် နည်းပညာအသစ်များနှင့်ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှု၊ ကျန်းမာရေးနှင့်လူသားအရင်းအမြစ်ချိတ်ဆက်မှု၊ ဆေးပညာဆိုင်ရာတက္ကသိုလ်အဆင့် ချိတ်ဆက်မှုများမှတစ်ဆင့် ကုသမှုနည်းပညာများပေါင်းစည်းခြင်းနှင့် အဆင့်မြင့်ကုသနည်းဖော်ထုတ်ခြင်း အစရှိသည်တို့ကို နည်းပညာလွှဲပြောင်းမှုစင်တာများနှင့် အသိပညာဖြန့်ဝေရေးစင်တာများမှတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ပြောင်းလဲတိုးတက်လာသည့် နည်းပညာရပ်များ၊ ဆေးသိပ္ပံပညာရပ်များကို မျက်ခြည်မပြတ်စေဘဲ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သည့် ဆေးသိပ္ပံပညာရှင်များဖြစ်အောင် တပ်မတော်ဆေးတက္ကသိုလ်က သင်ကြားပေးလိုက်သည့် ဆေးပညာရပ်များမှတစ်ဆင့် အဆင့်မြင့်ဆေးပညာရပ်များကို ဆက်လက်ဆည်းပူးလေ့လာ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ဦးတည်ချက်(၉)ရပ်အနက် လူမှုရေးဦးတည်ချက် ဒုတိယအချက်ဖြစ်သည့် **"တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး"** ဟူသည့် အချက်ကို အကောင်အထည်ဖော်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ဆေးဝန်ထမ်းတပ်ဖွဲ့ကလည်း ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို အလေးထားမြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာဆေးတပ်ဖွဲ့များနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ပြည်တွင်း၌ ဆေးသိပ္ပံညီလာခံများ၊ ဆေးပညာနှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပေးပြီး နိုင်ငံခြားသားကျွမ်းကျင်ပညာရှင်များနှင့် စစ်ဘက်ကျန်းမာရေးစောင့်ရှောက်မှုအတွေ့အကြုံဖလှယ်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ပြောင်းလဲတိုးတက်လာနေသည့် ဆေးပညာဘာသာရပ်များကို မျက်ခြည်မပြတ်လေ့လာနိုင်ရေးအတွက် သုတေသနလုပ်ငန်းများကိုလည်း နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် တာဝန်ကျရာဒေသအသီးသီးကို ရောက်ရှိသည့်အခါ၌ **ဆေးဝန်ထမ်းတပ်ဖွဲ့၏ မူလတာဝန်များအပြင် နိုင်ငံတော်၏ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုပေးနိုင်သည့် တပ်မတော်သား ဆရာဝန်သမားကောင်းများအဖြစ် တာဝန်ထမ်းဆောင်သွားကြရန်** မှာကြားလိုကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုဖြစ်ရန်အတွက် ကျန်းမာကြံ့ခိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်သည်ဖြစ်သောကြောင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု (Public Health Care)သည် လွန်စွာအရေးကြီးကြောင်း၊ **ပြည်သူလူထု၏ကျန်းမာရေးနှင့်ပတ်သက်ပြီး "လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ" ဟူသည့်အတိုင်း မိမိတို့တပ်မတော်အနေဖြင့်လည်း ပြည်သူလူထုအတွက် ပိုမိုကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊** စာမျက်နှာ ၁၅ သို့★

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing addresses Passing-out Parade of the 25th Intake of Defence Services Medical Academy



Senior General Min Aung Hlaing addresses the Passing-out Parade of the 25th Intake of Defence Services Medical Academy.

NAY PYI TAW December 18

The Passing-out Parade of the 25th Intake of Defence Services Medical Academy was held at the parade ground of DSMA in Yangon this morning with an address by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing.

Also present at the ceremony together with the Senior General were wife Daw Kyu Kyu Hla, Commander-in-Chief (Navy) Admiral Zeya Kyawhtin Htein Win and wife, Commander-in-Chief (Air) General Zeya Kyawhtin Sithu Tun Aung and wife, senior military officers from the Office of the Commander-in-Chief and wives, Union ministers and wives, the Yangon Region chief minister and wife, the Yangon Command commander, the DSMA commandant, officials from Yangon Station, families and relatives of cadets and guests.



Dignitaries attending the Passing-out Parade of the 25th Intake of Defence Services Medical Academy.

First, the Senior General took the salute of the cadet battalions, and inspected the graduation company. The cadet companies saluted the Senior General with slow-march past and quick-march past.

The Senior General presented Best Cadet Award to Cadet Kaung Myint Myat Tun, Excellent Award in Training to Cadet Thaw Zin Oo, and Excellent Award in Studies to Cadet Aung Ko Ko Htet.

In his graduation address, the Senior said DSMA is continuously training and generating medical officer doctors **with the aim of bringing about medical expert officers, who have physical and intellectual ability and who are required for Tatmadaw (Army, Navy and Air).** The Tatmadaw medical expert officers are effectively providing healthcare for national people, apart from military officers and other ranks and families. In addition, they are exerting brilliant efforts in the works for development of medical science for the nation and Tatmadaw. So, their deeds are honourable.

Skill and healthcare services of Tatmadaw medical officer doctors is of vital importance for the health and fitness of Tatmadaw members and is a basic requirement for strengthening the Tatmadaw as well as a support for enhancing national defence power. **Physical and mental health and fitness is a special requirement for progress of the fighting ability of every combat soldier. Hence, military doctors will have to provide adequate healthcare in every place and at any time, using their skill in medical science.**

